# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## ကိုယ်ချင်းစာတရားထား

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၀၉၉)




ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ (၃၃/၁၁) ကေဗွီ၊ (၅)အမ်ဗွီအေ ကမာကလုတ်/ကရင်ချောင် ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ကျောက်တန်းမြို့နယ်ရှိ (၃၃/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ကမာကလုတ်/ကရင်ချောင် ဓာတ်အားခွဲရုံဖွင့်

နေပြည်တော် ဇန်နဝါရီ ၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ (၃၃/၁၁) ကေဗွီ၊ (၅)အမ်ဗွီအေ ကမာကလုတ်/ကရင်ချောင် ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးနှင့် လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာရရှိစေရေးတို့ကို အဓိကအခန်းကဏ္ဍမှ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့်


စာမျက်နှာ ၃ ကော်လံ ၁ ✻




ကျောက်တန်းမြို့နယ်ရှိ (၃၃/၁၁) ကေဗွီ၊ (၅)အမ်ဗွီအေ ကမာကလုတ်/ကရင်ချောင် ဓာတ်အားခွဲရုံအား တွေ့ရစဉ်။ သတင်းစဉ်

"ရန်ကုန်တိုင်းဒေသကြီး အတွင်း ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း ၁၀၈၅ ရွာ မီးလင်းခဲ့၍ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၂၆၉ ရွာ ထပ်မံမီးလင်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်းခန့်၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထပ်မံ၍ ၄၉၅ ရွာ လျှပ်စစ်မီးရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မည်ဖြစ်"




မြန်မာ့အလင်း

## မြန်မာ့သစ်တောများကာကွယ်ဖို့အရေး

မြန်မာနိုင်ငံတွင် သစ်တောအလွန်အကျွံခုတ်လှဲမှုနှင့် တရားမဝင် သစ်ခိုးထုတ်မှုများကြောင့် သစ်တောများ ပြုန်းတီးလာလျက် ရှိသည်။ နိုင်ငံတော်အစိုးရက သစ်တောများပြုန်းတီးမှု သက်သာစေရန်အတွက် စီမံချက်များချမှတ်ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံခြားသို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းခဲ့ပြီး ၂၀၁၆ ခုနှစ် တစ်နှစ်လုံး သစ်တင်ပို့မှုကို ရပ်ဆိုင်းခဲ့သည်။ ထို့ပြင် ကျွန်းသစ်အဓိကထွက်ရှိရာ ပဲခူးရိုးမတွင်လည်း သစ်ထုတ်လုပ်ခြင်း ၁၀ နှစ် ရပ်ဆိုင်းခဲ့သည်။

သို့သော် ပဲခူးရိုးမတွင်ပင် သစ်ခိုးထုတ်ခြင်းများရှိနေသည်ကို သတင်းများတွင် တွေ့ရှိနေရသည်။ အလားတူ တစ်နိုင်ငံလုံးအနှံ့ တရားမဝင်သစ်ဖမ်းဆီးရရှိမှုသတင်းများလည်း မကြာခဏ ဆိုသလိုတွေ့ရှိနေရသည်။ ဒီဇင်ဘာလအတွင်းက သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်တစ်ခုအရ တရားမဝင်သစ်ဖမ်းဆီးရရှိမှုသည် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ နိုဝင်ဘာလအထိ ၄၅ လတာကာလအတွင်း ၁၆၅၅၁၁ ဒသမ ၃ တန်ရှိသည်ဟု ဆိုပါသည်။ ဖမ်းမိသော တရားခံပေါင်း ၂၃၆၁၀ ရှိပြီး ထိုအထဲတွင် နိုင်ငံခြားသား ၅၉ ဦး ပါဝင်ပါသည်။ ဖမ်းမိယာဉ်ယန္တရား ၁၁၀၄၅ စီးရှိသည်ကို တွေ့ရသည်။ ၂၀၁၉ အောက်တိုဘာလမှ နိုဝင်ဘာလအထိ တစ်လတာကာလအတွင်း တရားမဝင်သစ်ဖမ်းဆီးမှု ၄၄၃၄ တန်ကျော်ရှိခဲ့ပြီး ဖမ်းမိတရားခံ ၅၆၃ ဦး၊ ယာဉ်ယန္တရား ၃၅၇ စီး သိမ်းဆည်းရမိကြောင်း သိရပါသည်။ စာရင်းများအရ ဖမ်းမိသစ်များသည် ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်သည်။ အထက်ဖော်ပြပါ ၄၅ လတာကာလအတွင်း ဖမ်းမိသစ်တန် တစ်သိန်းခွဲကျော်တွင် ကျွန်းသစ်ကတန်ချိန် နှစ်သောင်းကျော်ပါဝင်နေသည်ကို တွေ့ရသည်။

ဒီဇင်ဘာလအတွင်းမှာပင် နိုင်ငံတကာသတင်းတစ်ပုဒ်တွင် နယ်သာလန်နိုင်ငံအတွင်း နေရာ ၆ နေရာ၌ တရားမဝင် ဝင်ရောက်လာသောကျွန်းသစ်များ ဖမ်းဆီးရမိခဲ့သည်ဟု ဆိုပါသည်။ ၎င်းကျွန်းသစ်များသည် မြန်မာနိုင်ငံမှဖြစ်ပြီး ဥပဒေအားနည်းရာ ချက်နိုင်ငံမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်။ မြန်မာ့ကျွန်းသစ်များကို ဇိမ်ခံရွက်သင်္ဘောများ ဆောက်လုပ်ရာတွင် အသုံးပြုကြခြင်းဖြစ်သည်။ ဥရောပသမဂ္ဂသည် ၂၀၁၃ ခုနှစ်မှစ၍ တရားမဝင်သစ်ခုတ်ခြင်းများနှင့် အလွန်အကျွံသစ်ခုတ်လှဲခြင်းပြုထားသော နေရာဒေသများမှ သစ်များကို ဝယ်ယူခွင့်မပြုရန် ပြဋ္ဌာန်းထားသည်။ ပြီးခဲ့သော ၅ နှစ်တာကာလအတွင်း မြန်မာပြည်မှ သစ်များတင်သွင်းမှုအတွက် ဥရောပကုမ္ပဏီအများအပြား ရုံးတင်တရားစွဲခြင်းခံရသည်ဟု အဆိုပါသတင်းဆောင်းပါးတွင် ရေးသားထားသည်။

ထိုအခြေအနေများကိုကြည့်လျှင် မြန်မာနိုင်ငံတွင် သစ်တောထိန်းသိမ်းမှုများ စည်းမျဉ်းဥပဒေများ ပြုလုပ်လျက်ရှိသော်လည်း ယိုပေါက်များစွာရှိနေတုန်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ Global Forest Watch ၏ အစီရင်ခံစာတွင်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် သစ်တောဧရိယာ ဟက်တာ ၃ ဒသမ ၃၈ သန်း(စတုရန်းမိုင် ၁၃၀၀၀) ခန့် ဆုံးရှုံးခဲ့သည်ဟု ဖော်ပြထားသည်။ ကာကွယ်ထားသည့် ပဲခူးရိုးမအတွင်းမှ သစ်တောကြိုးဝိုင်းလေးခုရှိ သစ်တောများသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ၄၀ ရာခိုင်နှုန်းလောက် လျော့နည်းသွားသည်ဟုဆိုပါသည်။

ဤသည်တို့မှာ နိုင်ငံတော်အဆင့်မှ မည်မျှပင်စေတနာထား၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်သော်လည်း အောက်ခြေတွင် လိုက်နာစောင့်ထိန်းမှု လျော့နည်းနေခြင်းကို ဖော်ပြနေခြင်းပင်ဖြစ်သည်။ ဂိုဏ်းအုပ်စုဖွဲ့၍ ခိုးထုတ်ခြင်း၊ နယ်စပ်များအရောက် ဂိတ်အသီးသီးကို နည်းမျိုးစုံဖြင့်ဖြတ်သန်းနိုင်ကြခြင်း၊ သစ်တောဝန်ထမ်းများကို ပြန်၍အန္တရာယ်ပြုလောက်အောင် အတင့်ရဲလာကြခြင်းများကို တွေ့မြင်နေရခြင်း၊ အပြစ်ပေးအရေးယူမှု အားနည်းနေခြင်းကြောင့်ဟု ယူဆရပေသည်။ ကာကွယ်တောများနှင့် နီးစပ်သောရွာများတွင် ဆင်းရဲမွဲတေမှု လျှော့ချရေး စီမံကိန်းများနှင့် အခြားသော အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်ဖြစ်ပါသည်။ ၎င်းအပြင် သစ်ခိုးဂိုဏ်းများနှင့် အကျင့်ပျက်ဝန်ထမ်းများအားလုံးကို ပြင်းထန်သော ပြစ်ဒဏ်များချမှတ်နိုင်ရန် ဥပဒေများ လိုအပ်လျက်ရှိကြောင်း တင်ပြရပါသည်။ ။

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် ဘားအံခရိုင်မီးသတ်စခန်းဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်

ဘားအံ ဇန်နဝါရီ ၆

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်သည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် ဘားအံခရိုင်မီးသတ်စခန်းဖွင့်ပွဲတို့ကို တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လူမှုဝန်ထမ်းရုံးသစ်ဖွင့်ပွဲကို ဘားအံမြို့ အမှတ်(၉) ရပ်ကွက် စက်ပစ်ကွင်းလမ်းရှိ အဆိုပါအဆောက်အဦ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစမ်းစမ်းအေး၊ ကရင်အမျိုးသားကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနမှ ဒေါက်တာမာတာနှင့် ရင်ခွင်မဲ့ကလေးသူငယ်လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နော်ဖဲလှစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဘားအံခရိုင်မီးသတ်စခန်းသစ်ဖွင့်ပွဲကို လှာကမြင်(ကွက်သစ်)ရှိ အဆိုပါ မီးသတ်စခန်းရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး အောင်မြတ်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ်မီးသတ်ဦးစီးမှူး ဦးစိုးဝင်းက ခရိုင်မီးသတ်စခန်းဖွင့်လှစ်နိုင်မှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ကရင်ပြည်နယ်အတွင်း မြို့နယ်မီးသတ်ဦးစီးမှူးရုံး ခုနစ်ရုံး၊ မြို့နယ်မီးသတ်စခန်း ခုနစ်ခန်း၊ နယ်မြေမီးသတ်စခန်း ၁၁ ခန်းတို့ကို အဆောက်အဦ၊ မော်တော်ယာဉ်များဖြင့် တာဝန်ချထားခဲ့ပြီး ဒေသ၏ လိုအပ်ချက်အရ ပြည်နယ်မီးသတ်ဦးစီးမှူးရုံး တစ်ရုံး၊ ခရိုင်မီးသတ်ဦးစီးမှူးရုံး လေးရုံး၊ ခရိုင် မီးသတ်စခန်း လေးခန်းနှင့် နယ်မြေမီးသတ်စခန်း ၁၄ ခန်းတို့ကို ယာယီအဆောက်အဦများတွင် ဖွင့်လှစ်၍ တပ်ဖွဲ့ဝင်များနှင့် ယာဉ်/စက်များကို တာဝန်ချထား၍ နေ့ည တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်များ (၆-၁-၂၀၂၀)

| | | |
|---|---|---|
| မင်းတပ်မြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| ဖလမ်းမြို့ | ၇ | ဒီဂရီစင်တီဂရိတ် |
| မတူပီမြို့ | ၈ | ဒီဂရီ စင်တီဂရိတ် |
| တွန်းဇံမြို့ | ၈ | ဒီဂရီ စင်တီဂရိတ် |
| ရမ်ကလောင်း | ၈ | ဒီဂရီ စင်တီဂရိတ် |

မိုး/ဇလ

## အင်းလေးကန်၌ ဇန်နဝါရီလပထမပတ် ရုံးပိတ်ရက်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကား

ညောင်ရွှေ ဇန်နဝါရီ ၆

ညောင်ရွှေမြို့နှင့် အင်းလေးဒေသတွင် ဇန်နဝါရီလပထမပတ်ရုံးပိတ်ရက်အတွင်း အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

### သွားရောက်လည်ပတ်

ခရီးသွားဧည့်သည်များသည် ညောင်ရွှေမြို့မှတစ်ဆင့် စက်လှေများဖြင့် အင်းလေးကန်သို့ အများဆုံး သွားရောက်လည်ပတ်ကြပြီး ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရားများ ဖူးမြော်ခြင်း၊ လက်မှုလုပ်ငန်းများ လေ့လာခြင်းနှင့် အမှတ်တရပစ္စည်းများ ဝယ်ယူခြင်းတို့အပြင် ခေါင်တိုင်ရေပူစမ်း၊ မိုင်းသောက်တံတားများသို့ပါ လည်ပတ်ကြသည်။

### မီးပုံးပျံများစီး

ပြည်ပခရီးသွားဧည့်သည်များသည်လည်း စက်လှေဖြင့် အင်းလေးကန်အတွင်းရှိ နေထိုင်မှုဓလေ့များ၊ ရေပေါ်စိုက်ခင်းများ၊ ရိုးရာယဉ်ကျေးမှုများ၊ ဆောင်းခိုငှက်များ ကြည့်ရှုလေ့လာ မှတ်တမ်းတင်ကြသည့်အပြင် မီးပုံးပျံများ စီးနင်း၍လည်း လေ့လာလည်ပတ်လျက်ရှိကြောင်း သိရသည်။

**နေမျိုးသူရိန်**







ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးလှအေးတို့က ကမာကလုတ်/ကရင်ချောင် ဓာတ်အားခွဲရုံ မော်ကွန်းကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

*❊ ရွှေ့ဖုံးမှ*

ပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်း အထက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်းအပြည့်အဝ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်က ကမာကလုတ်ကျေးရွာနှင့် ကရင်ချောင်ကျေးရွာ အပါအဝင် ကျောက်တန်းမြို့နယ်နှင့် တံတားမြို့တို့ရှိ ဇွဲကနာ၊ မင်းဂလွန်း၊ အစဲ၊ နရွဲချောင်၊ ခနောင်၊ မြကိုင်း၊ ကုလားတန်း၊ ကွနီးနှင့် ဇွဲဘာကုန်းတန်း ကျေးရွာ ၁၁ ရွာသို့ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တံတားဓာတ်အားခွဲရုံမှတစ်ဆင့် ၁၁ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း ၁၅ ဒသမ ၇ မိုင်ခန့် သွယ်တန်း၍ လည်းကောင်း၊ ကျောက်တန်းမြို့ရှိ မီးပြ၊ ချောင်းဝ၊ ဘော်ဂလွတ်၊ ရွာသစ်ကလေး၊ ပန်းတောနှင့် ဥယျာဉ်ကျေးရွာ ခြောက်ရွာသို့ ၃၃/၆ ဒသမ ၆ ကေဗွီ ၊ ၁၀+၃ အမ်ဗွီအေ ကျောက်တန်းဓာတ်အားခွဲရုံမှတစ်ဆင့် ၆ ဒသမ ၆ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း ၁၃ ဒသမ ၅ မိုင်ခန့် သွယ်တန်း၍ လည်းကောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပါကြောင်း။

**မုချမသွေတိုးတက်ရရှိလာမည်**

ထိုသို့ ဓာတ်အားလိုင်းမိုင်ရှည်လျားစွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားရသည့်အတွက် ဓာတ်အားပျောက်ဆုံးမှု များပြားရသည့်အပြင် ဓာတ်အားလိုင်းအပြစ် ဖြစ်ပေါ်၍ ဓာတ်အား ပြတ်တောက်သည့်အခါ လိုင်းရှည်လျားမှုကြောင့် အပြစ်ရှာဖွေရသည့် အချိန်ကြာမြင့်သဖြင့် ဓာတ်အားပြတ်ချိန် ကြာမြင့်ခြင်းအပြင် ဓာတ်အားပြတ်တောက်မှု အကြိမ်ရေလည်း များလာခြင်းတို့ကြောင့် ပြည်သူများ လျှပ်စစ်မီးသုံးစွဲရာတွင် အဆင်မပြေမှုများ ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် ယခု ဓာတ်အားခွဲရုံ အနီးဝန်းကျင်ရှိ ကျောက်တန်းမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ အဆင်မပြေမှုများ လျော့နည်းသွားစေရန်အတွက် ဓာတ်အားခွဲရုံကို တိုးချဲ့တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း၊ ယခုလို ဓာတ်အားခွဲရုံများ ဖွင့်လှစ်နိုင်ခြင်းဖြင့် ဓာတ်အားခွဲရုံနှင့် ဆက်စပ်နေသည့် ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ မုချမသွေတိုးတက်ရရှိလာမည် ဖြစ်ကြောင်း၊ ယခုဓာတ်အားခွဲရုံ ဖွင့်လှစ်လိုက်ပြီ ဖြစ်သည့်အတွက် ရှည်လျားစွာသွယ်တန်းပြီး ဓာတ်အားပေးနေရသည့် ယခင်ဓာတ်အားလိုင်းများမှ မဟုတ်ဘဲ ဓာတ်အားခွဲရုံအသစ်မှ ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်သည့်အတွက် ဓာတ်အားလိုင်းတိုသွားပြီး ပိုမိုတည်ငြိမ်၍ စွမ်းအားပြည့်ဝသည့် လျှပ်စစ်ဓာတ်အား ရရှိနိုင်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးနှင့် ကျောက်တန်းမြို့နယ် ကမာကလုတ် ကျေးရွာရပ်မိရပ်ဖ ဦးတင်မိုးလွင်တို့က ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကမာကလုတ်/ ကရင်ချောင် ဓာတ်အားခွဲရုံ မုခ်ဦးကို တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်နှင့် ဒေါ်သက်သက်မူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကမာကလုတ်/ ကရင်ချောင် ဓာတ်အားခွဲရုံ မော်ကွန်းကမ္ပည်းကျောက်စာအား ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးလှအေးတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည် ကြည့်ရှုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာဖြင့် အသုံးပြုနိုင်ရန်အတွက် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများကို အဆင့်မြှင့်တင်ခြင်းတို့အတွက် ၂၀၁၆ ခုနှစ် ဧပြီလမှ ယနေ့အထိ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ငွေကျပ် ၁၇၉ ဒသမ ၆၉ ဘီလီယံခန့်၊ တိုင်းဒေသကြီး အစိုးရဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၂ ဒသမ ၆ ဘီလီယံခန့် အကုန်ကျခံ၍ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ခုနစ်ရုံ၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆၁ မိုင်ခန့်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၆၇ မိုင်ခန့်၊ ဓာတ်အားဖြန့်ဖြူး ရေးထရန်စဖော်မာ ၃၀၂ လုံး၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၀၈ မိုင်ခန့် အသစ်တည်ဆောက်ပြီး ရန်ကုန်တောင်ပိုင်း ခရိုင်အတွင်းရှိ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကျောက်တန်းနှင့် တွံတေးမြို့နယ် လေးမြို့နယ်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံနှင့် အဖျောက်မြို့နယ် လေးမြို့နယ်တို့အတွင်းရှိ ကျေးရွာအချို့ကို ထပ်မံ၍ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

**ဓာတ်အားရရှိသုံးစွဲနိုင်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း ၁၀၈၅ ရွာ မီးလင်းခဲ့၍ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၂၆၉ ရွာ ထပ်မံမီးလင်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်းခန့်၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထပ်မံ၍ ၄၉၅ ရွာ လျှပ်စစ်မီးရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်မည်ဖြစ်သည်။

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျန်သည့်ကျေးရွာ ၂၅၉ ရွာ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် ဆောင်ရွက်ပေးရန် စီစဉ်လျာထားပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေ ပြည်သူများ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားရရှိအောင် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း ပထမနှစ်စမ်းသပ်စိုက်ကွက်များအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကြည့်ရှုစစ်ဆေး

**ရေနံချောင်း ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၁၉–၂၀၂၀ မှ ၂၀၂၃–၂၀၂၄ ခုနှစ်အထိ အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း ငါးနှစ်တာကာလ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စမ်းသပ်စိုက်ကွက်များအား ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ Peace Corps Myanmar အဖွဲ့မှ အင်္ဂလိပ်စာသင် စေတနာ့ဝန်ထမ်း ဆရာ ဆရာမများ လိုက်ပါလေ့လာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ဖန်ခါးစမ်း ပျိုးဥယျာဉ်ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစွန်ထွန်းက ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း ငါးနှစ်တာကာလ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် နှစ်အလိုက် ဖြည့်စွက်အထူးစိမ်းအပင်စိုက်ပျိုးမည့် မြေနေရာများအား မြေပုံနှင့်တကွ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ပျိုးထောင်ထားသော ဖန်ခါးစမ်းပျိုးဥယျာဉ်အတွင်းမှ ပျိုးပင်ကြီးများအား ကြည့်ရှုပြီး ၂၀၁၉ ခုနှစ် မိုးရာသီက စမ်းသပ်စိုက်ပျိုးခဲ့သည့် မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၆/၄)အနီးရှိ အပင်မျိုးစုံ ၂၁၀၀ စိုက်ပျိုးထားသည့် စိုက်ကွက် သုံးကွက်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ) **ကိုစိုးကြီး**



# မြစ်ကြီးနားမြို့၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ မဟာဗျူဟာရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့် ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေး အတွက် ဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်အစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

## ဖြည့်ဆည်း ဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် မိမိတို့ ဝန်ကြီးဌာနက တာဝန်ယူရသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ သဘာဝဘေးနှင့် လူ့ကြောင့်ဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ်ရှိ လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်နှင့် ပြည်နယ် စာရင်းစစ်ချုပ်တို့က ပြည်တွင်းနေရပ် စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်း၊ မူလနေရာများသို့ ပြန်လည်အခြေချနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများ၏ လက်ရှိအခြေအနေများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပူးပေါင်းရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

## စနစ်တကျ ဆောင်ရွက်

ဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီး၊ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စများ၊ လုံခြုံရေးဆိုင်ရာကိစ္စများ၊ မဟာဗျူဟာအပေါ် လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာကိစ္စများ၊ မူးယစ်ဆေးဖြတ်ပြီးသူများအတွက် ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လူမှုအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဖြတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးစခန်းများကို ဥပဒေ၊ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေး စိစစ်ညှိနှိုင်းရန် လိုအပ်မှုများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးခြင်းကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

## ဦးစားပေးဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအားလုံး အခွင့်အရေးများကို သာတူညီမျှခံစားရရှိစေပြီး လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်ကြိုးပမ်းလျက်ရှိကြောင်း၊ ဆောင်ရွက်မှုများသည် ရေရှည်လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် မဟာဗျူဟာများ လိုအပ်ချက်များကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ မဟာဗျူဟာများရှိမှသာ လုပ်ငန်းစဉ်များ ရေးဆွဲဖော်ပြပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်၏ ရန်ပုံငွေ ခွဲဝေရာ၌ ပါဝင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ မဟာဗျူဟာသည် မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် နိုင်ငံတော်အဆင့် အတည်ပြုရေးဆွဲထားခြင်းဖြစ်ကြောင်း၊ မိမိတို့၏နေရပ်၊ အိုးအိမ်၊ စည်းစိမ်များကို စွန့်ခွာရသည့် ဘေးဒုက္ခသည် ကြီးမားပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများအား ပြန်လည် နေရာချထားရာတွင် ဘေးကင်းလုံခြုံမှုရှိရန်၊ ဂုဏ်သိက္ခာရှိရန်နှင့်အမှီအခိုကင်းစွာ ပြန်လည်ရပ်တည်နိုင်ပြီး ရေရှည်တည်တံ့ရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သည့် ပြန်လည် အခြေချနေထိုင်မှုဖြစ်ရန်သည် အရေးကြီးပါကြောင်း၊ မိုင်းရှင်းလင်းရေး ကိစ္စများနှင့် ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခု မဟာဗျူဟာသည် ယာယီခိုလှုံရာ စခန်းများဖွင့်လှစ်ထားရသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များ အားလုံးနှင့်ဆိုင်သည့် အခြေခံအချက်အလက်များ ပါဝင်အောင် ရေးဆွဲထားသော်လည်း လုပ်ငန်းစဉ်များ ရေးဆွဲကြရာတွင် မိမိတို့ဒေသ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ရေးဆွဲကြရန် အရေးကြီးပါကြောင်း၊ ပြည်သူများအားလုံး သာတူညီမျှခံစားရရှိရေးအတွက် နိုင်ငံ၏ ဦးတည်ချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေးအတွက် လိုက်လျောညီထွေရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးတို့ကို အစိုးရက အစဉ်တစိုက် ကြိုးစား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အခြေခံလိုအပ်ချက်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေ လိုအပ်သော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့် ပတ်သက်၍ ဖြစ်ပေါ်လာပုံနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ယာယီခိုလှုံရာ စခန်းများရှိ ကိုယ်စားလှယ် တိုင်းရင်းသားပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် တာဝန်ရှိသူများ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၇ ၊ ၈)ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ဧရာဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ကျုံပျော်မြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၀ ၊ ၁၁)ရက်၊( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

အောင်ဆန်းခန်းမ ၊ အ.ထ.က(၁) ၊ ကျုံပျော်မြို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ စပိန်နိုင်ငံ၊ ဆဋ္ဌမမြောက် ဘုရင် ဖီလစ်ထံမှ ပေးပို့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် စပိန်အစိုးရနှင့် ပြည်သူများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘူတန်နိုင်ငံ၊ ဝန်ကြီးချုပ် ဒေါက်တာလိုတေးရှားရင်းထံမှပေးပို့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘူတန်အစိုးရနှင့် ဘူတန်ပြည်သူများကိုယ်စား မိမိအနေဖြင့် နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘူတန်နိုင်ငံတို့သည် ကောင်းမွန်သော ဆက်ဆံရေးကို မျှဝေခံစားလျက်ရှိပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် နှစ်နိုင်ငံအကြား အစဉ်အလာအရ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်း မိမိအနေဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မိုးကုတ်မြို့၌ လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နီပေါလ်(ဂေါ်ရခါး)၊ ခိုလုံလီရှော၊ ကိုးကန့်နှင့် မုန်းဝန်းယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၆

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ရှိ ရွှေလိပ်ပြာဟိုတယ် အစည်းအဝေးခန်းမ၌ လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နီပေါလ်(ဂေါ်ရခါး)၊ ခိုလုံလီရှော၊ ကိုးကန့်နှင့် မုန်းဝန်း ယဉ်ကျေးမှုအဖွဲ့ဝင်များကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြား တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် သစ္စာစီမံချက်များရေးဆွဲကာဖြေလျှော့မှုများဖြင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို အခြေခံ၍ သတ်မှတ် အထောက်အထား စာရွက်စာတမ်းများအရ ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအရ ကြန့်ကြာမှုများလည်း ရှိပါကြောင်း၊ အထောက်အထား မပြည့်စုံမှုများကြောင့် ကြန့်ကြာမှုများအပေါ် ပြည်သူများအထင်အမြင် လွဲမှားမှုများလည်း ရှိပါကြောင်း၊ ယခု မိုးကုတ်မြို့ရှိ လီဆူတိုင်းရင်းသားများနှင့်ပတ်သက်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ကာလတစ်ခု သတ်မှတ်ကာ စီမံချက်ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်သဖြင့် သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဂူဆာ၊ မိုးကုတ်မြို့ရှိ လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ နာယက ဦးယောဆက်နှင့် တာဝန်ရှိသူများက မိုးကုတ်မြို့နယ်အတွင်းရှိ လီဆူတိုင်းရင်းသားများ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များအပေါ် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေးနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မိုးကုတ်မြို့၌ လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နီပေါလ်(ဂေါ်ရခါး)၊ ခိုလုံလီရှော၊ ကိုးကန့်နှင့် မုန်းဝန်းယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**ပံ့ပိုးကူညီ ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမ၌ နီပေါလ် (ဂေါ်ရခါး)ယဉ်ကျေးမှုအဖွဲ့၊ ခိုလုံလီရှောယဉ်ကျေးမှုအဖွဲ့၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့နှင့် မုန်းဝန်းယဉ်ကျေးမှုအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များကိုတွေ့ဆုံ၍ မိုးကုတ်မြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြား တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများ၊ လုပ်ငန်းစဉ်များအရ လွယ်ကူ လျင်မြန်စေရေးအတွက် ဖြေလျှော့ ဆောင်ရွက်ပေးမှုများ၊ ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအပေါ် အခြေခံ ဆောင်ရွက်ရသည့်အတွက် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ သက်ဆိုင်ရာအဖွဲ့ဝင်များက ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ညှိနှိုင်း ဖြည့်ဆည်း**

ထို့နောက် မိုးကုတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစောသောင်းတင်နှင့် သက်ဆိုင်ရာ ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌများက အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြား တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို အဖွဲ့အလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လုံခြုံရေးကို အထူးအလေးထား**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် သပိတ်ကျင်းမြို့နယ် ဖောတော ကျေးရွာရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ စစ်ဆေးရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး တာဝန်ကျဝန်ထမ်းများနှင့်တွေ့ဆုံ၍ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ ကန့်သတ်နယ်မြေများသို့ ခွင့်ပြုချက်မရှိသည့် နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှုမရှိစေရေးအတွက် ဂရုပြုဆောင်ရွက်ကြရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကွမ်းလုံမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ မိုးမိတ်မြို့တွင် ၀ ဒသမ ၉၁ လက်မ၊ မူဆယ်မြို့တွင် ၀ ဒသမ ၇၉ လက်မ၊ မြစ်ဆုံတွင် ၀ ဒသမ ၅၉ လက်မ၊ မင်းတပ်မြို့တွင် ၀ ဒသမ ၄၇ လက်မနှင့် ကျောက်မဲမြို့တွင် ၀ ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့်အရှေ့ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

**မိုး/ဇလ**

# လိပ်ခဲတည်းလည်း အခြေအနေကို ကျော်လွှားခြင်း

**ကောင်းမွန်**

**စီးပွားရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းနယ်ပယ်အသီးသီး၌ အဖွဲ့အစည်းများအကြား သဘောတူညီချက်များ ရရှိရန် ညှိနှိုင်းသည့်အခါ (သို့တည်းမဟုတ်) ပဋိပက္ခတစ်ရပ်ကို ကျော်လွှားရန် ကြိုးပမ်းသည့်အခါ ရံဖန်ရံခါ ရှေ့ဆက်တိုး၍ မရနိုင်သည့် လိပ်ခဲတည်းလည်း အခြေအနေမျိုးနှင့် ရင်ဆိုင်ရတတ်သည်။**

ယင်းကဲ့သို့ ဆွေးနွေးမှုများ ရပ်တန့်သွားသည်နှင့်အမျှ စိတ်အနှောင့်အယှက်ဖြစ်မှုလည်း ဖြစ်ပေါ်လာတတ်သည်။ မိမိတို့အနေဖြင့် အလိုရှိသည့် သဘောတူညီချက်ကို ရရှိတော့မည်မဟုတ်ဟု သံသယစိတ်ဖြစ်ကောင်း ဖြစ်လာတတ်သည်။ စေ့စပ်ညှိနှိုင်းနေကြသည့် နှစ်ဖက်လုံးမှလည်း အလျှော့မပေးလိုကြပေ။ ယင်းကဲ့သို့ ရှေ့တိုးအခက်၊ နောက်ဆုတ်အခက်၊ လိပ်ခဲတည်းလည်း အနေအထားကို မည်သို့ကျော်လွှားကြမည်နည်းဟု မေးခွန်းထုတ်စရာ ဖြစ်လာတတ်သည်။

စေ့စပ်ဆွေးနွေးမှု အများအပြား၌ အပြီးသတ် အနေအထားသို့ ရောက်လုရောက်ခင်မှ တိုးတက်မှု ရပ်ဆိုင်းသွားသည့် အခြေအနေမျိုးလည်း ဖြစ်ပေါ်တတ်သည်။ ယင်းသို့ ရှေ့ဆက်တိုး၍ မရနိုင်သည့်အခြေအနေမျိုးမှာ ကြုံတွေ့ရတတ်သည့် ဖြစ်ရိုးဖြစ်စဉ်အဖြစ် မှတ်ယူထားပါ။ သဘောတူညီချက်ကို လုံးဝမရနိုင်တော့ဟု တထစ်ချ မှတ်ယူခြင်းမျိုး မပြုသင့်ပါ။

လိပ်ခဲတည်းလည်း အခြေအနေမှာ စေ့စပ်ဆွေးနွေးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ယင်းကို မလွဲမသွေ ကျော်လွှားနိုင်မည်ဟု မှတ်ယူထားပါ။ အောက်ဖော်ပြပါ နည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် လိပ်ခဲတည်းလည်း အခြေအနေကို ကျော်လွှားနိုင်မည့် အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ပြီး နှစ်ဖက်လုံးမှ လက်ခံနိုင်သည့် သဘောတူညီမှု ရရှိစေရေးအတွက် အထောက်အကူပြုစေမည် ဖြစ်သည်-

(က) အလေးပေးရမည့်ကိစ္စရပ်များ/ အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။ ဆွေးနွေးမှုအတွင်း မိမိတို့ အလေးပေးရမည့်ကိစ္စရပ်များအပေါ် အလေးထားသကဲ့သို့ တစ်ဖက်မှ စေ့စပ်ညှိနှိုင်းနေသူကိုလည်း ၎င်းအလေးပေးရမည့် ကိစ္စရပ်များအပေါ် အာရုံစိုက် နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါ။ ဆွေးနွေးပွဲ၏ အရှိန်အဟုန်မြင့်လာချိန်တွင် အသေးအမွှား ကိစ္စရပ်များဖြင့် အာရုံပြောင်းသွားတတ်ပြီး အမှန်တကယ် အလေးပေးရမည့် ကိစ္စရပ်များ/ အကြောင်းအရာများအပေါ် မျက်ခြည်ပြတ်တတ်ကြသည်။

(ခ) နည်းလမ်းအားလုံးကို လေ့လာကြံဆထားပါ။ စေ့စပ်ဆွေးနွေးမှုအပေါ် ပိုမိုအကျိုးရှိစေ မည့်နည်းလမ်းများ၊ ဆန်းသစ်သော နည်းလမ်းများကို လေ့လာရှာဖွေသင့်သည်။ ယခင်က အမှတ်မထင် ကျော်လွှားခဲ့သော နည်းလမ်းများကိုလည်း ပြန်လည်စိစစ် လေ့လာသင့်သည်။ စေ့စပ်ဆွေးနွေးမှုဖြစ်စဉ် တိုးတက်ဖြစ်ပေါ်နေသည်နှင့်အမျှ သတင်းအချက်အလက်အသစ်များကို လေ့လာတွေ့ရှိမည်ဖြစ်သကဲ့သို့ အတွေးသစ်၊ အမြင်သစ်များ ဖြစ်ပေါ်လာတတ်သဖြင့် ယခင်က အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့သည့် နည်းလမ်းများကိုလည်း သတိပြုမိလာတတ်သည်။

(ဂ) အနည်းငယ်မျှ အလျှော့ပေးပါ။ လိုအပ်ပါက အနည်းငယ်မျှ လိုက်လျောမှုပြုလုပ်ပါ။ ယင်းသည် တစ်ဖက်မှလည်း ပြန်လည်လိုက်လျောမှုပြုစေမည့် လုပ်ဆောင်မှု ဖြစ်လာနိုင်သည်။ ဥပမာအားဖြင့် "မိမိတို့ဘက်မှ X ကို ဆောင်ရွက်ပေးမည်။ တစ်ဖက်မှလည်း Y ကို ပြုလုပ်ပေးစေလိုသည်" စသည်ဖြင့် ကမ်းလှမ်းမှုမျိုး ဖြစ်သင့်သည်။ ရံဖန်ရံခါ ယင်းကဲ့သို့သော သေးငယ်သည့် လိုက်လျောမှုမျိုးမှတစ်ဆင့် အရှိန်အဟုန်ရပြီး တိုးတက်မှုကိုလည်း ရရှိစေတတ်သည်။

(ဃ) ပိုမိုသေးငယ်သည့် ရည်မှန်းချက်ကို အရယူပါ။ သင်ဆွေးနွေးမည့် အစီအစဉ်အနက် ပိုမို သေးငယ်သော ရည်မှန်းချက်၊ ပိုမိုလွယ်ကူသော အကြောင်းအရာများအပေါ် အလေးပေးသင့်သည်။ တစ်ခါတစ်ရံ အချက်ငယ်များအပေါ် သဘောတူညီမှုရရှိတတ်ပြီး ယင်းမှတစ်ဆင့် အရှိန်အဟုန်ကို တည်ဆောက်ခြင်းဖြင့်ဆွေးနွေးမှု၌ ရှေ့သို့တိုးတက်ဆောင်ရွက်စေနိုင် ပြီး ပိုမိုကြီးမားသော အကြောင်းကိစ္စတွင်လည်း သဘောတူညီမှု ရရှိစေတတ်သည်။

(င) စေ့စပ်ဆွေးနွေးမှု စွမ်းပကားကို ပြောင်းလဲပါ။ တစ်ခါတစ်ရံ ရှေ့ဆက်မတိုးနိုင်သည့် စေ့စပ်ဆွေးနွေးမှု၌ ပါဝင်ဆွေးနွေးသူများကို ပြောင်းလဲခြင်းဖြင့် ရပ်တန့်နေသည့် ဆွေးနွေးပွဲအား တစ်ဟုန်ထိုး ပြန်လည်တိုးတက် ဖြစ်ပေါ်စေတတ်ပါသည်။ လိုအပ်ပါက ပတ်ဝန်းကျင်အနေအထားကိုလည်းပြောင်းလဲပေးသင့်သည်။ ပြောင်းလဲသွားသည့် ပတ်ဝန်းကျင်အခြေအနေ အပေါ်မူတည်၍ ဆွေးနွေးမှုဝန်းကျင် အနေအထားကိုလည်း ပြောင်းလဲစေတတ်ပြီး ယင်းမှတစ်ဆင့် မှန်ကန်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိကာ အောင်မြင်သော သဘောတူညီချက်တစ်ရပ်ကို ရရှိစေနိုင်တတ်သည်။

(စ) ခေတ္တရပ်နားပါ။ ဆွေးနွေးညှိနှိုင်းမှုများ ရှေ့သို့ဆက်၍ မရနိုင်သည့် အခြေအနေမျိုး၌ မိမိတို့၏ စေ့စပ်ညှိနှိုင်းရေး အဖွဲ့ဝင်များနှင့်အတူ မိမိတို့၏ နည်းဗျူဟာအပေါ် ပြန်လည်သုံးသပ်မှု ပြုလုပ်သင့်သည်။ မိမိတို့၏ စိတ်အခြေအနေ တည်ငြိမ်မှုရှိစေရန် အချိန်အနည်းငယ်ပေးပါ။ ခဏတစ်ဖြုတ်နား၍ ဦးနှောက်ကို ရှင်းလင်းအောင်ပြုလုပ်ခြင်းက ရံဖန်ရံခါ မထင်မှတ်သော ရလဒ်ကောင်းများကို ရရှိစေတတ်သည်။

(ဆ) တိတ်ဆိတ်စွာစဉ်းစားရန် အချိန်အနည်းငယ်မျှ သတ်မှတ်ထားပါ။ တိတ်ဆိတ်စွာ စဉ်းစားနိုင်မည့် အချိန်ကို ညှိနှိုင်းသတ်မှတ်ထားပါ။ ယင်းမှာ စေ့စပ်ညှိနှိုင်း၍ မရသည့်အဆုံး ဆွေးနွေးခန်းမှ အပြီးတိုင် ထွက်ခွာသွားခြင်းမျိုးကို မဆိုလိုပါ။ ဆွေးနွေးခန်း အတွင်းရှိနေသူတိုင်း စကား တစ်ခွန်းမျှ မပြောဘဲ ၁၀ မိနစ်ခန့် တိတ်ဆိတ်စွာနေကြရန် ညှိနှိုင်းသတ်မှတ်ကြည့်ပါ။ ယင်းကဲ့သို့ အချိန်တိုလေးအတွင်း လူတို့၏ စိတ်အတွင်းသို့ အတွေးပေါင်းစုံ ဝင်ရောက်လာတတ်ပြီး နှစ်ဖက်လုံးရှိ ဆွေးနွေးနေသူများ၏ စိတ်တွင် မိမိတို့၏ မျှော်မှန်းထားချက်မှ အနည်းငယ် လျှော့ပေါ့စဉ်းစားပေးခြင်း ဖြစ်တတ်သည်။ ဤနည်းလမ်းမှာ အငြင်းပွားနေသည့် ဇနီး၊ ခင်ပွန်းတို့အကြား အထူးအသုံးတည့်ကြောင်း လေ့လာတွေ့ရှိရသည်။ ထိုနည်းတူ တစ်ဖက်နှင့် တစ်ဖက် ရင်းနှီးမှုရှိသည့် ညှိနှိုင်းဆွေးနွေးသူများအကြား၌လည်း ဤနည်းလမ်းမှာ အသုံးဝင်တတ်သည်။

(ဇ) နောက်ဆုံးလုပ်ဆောင်ရမည့် အချိန်ကိုလည်း သတ်မှတ်ထားပါ။ စေ့စပ်ညှိနှိုင်းမှုအများအပြား၌ နောက်ဆုံးသတ်မှတ်ထားသည့်အချိန် နီးကပ်လာသည်နှင့်အမျှ တိုးတက်ဖြစ်ပေါ်မှု အများစုကို နောက်ဆုံးအဆင့်၊ နောက်ဆုံးအချိန်မှ ရရှိတတ်သည်။ အချိန်၏ ဖိအားပေးမှုက ရံဖန် ရံခါ လူတို့ကို ရှေ့တိုးဆောင်ရွက်စေရေးအတွက် လှုံ့ဆော်တွန်းအားပေးမှု ဖြစ်တတ်သည်။

(ဈ) လိုအပ်က သဘောတူညီချက်ကို ရယူပါ။ စေ့စပ်ဆွေးနွေးမှုနှင့်ပတ်သက်၍ တစ်ဖက်ဆွေးနွေးသူထံမှ သဘောတူညီမှု တောင်းခံပါ။ ရံဖန်ရံခါ မေးမြန်းသည့်အတိုင်း အဖြေကို ရိုးစင်းစွာ ရရှိတတ်သည်။ အကယ်၍ တစ်ဖက်မှ သဘောတူညီကြောင်း ပြောကြားလာပါက လွန်စွာကောင်းမွန်သည့်ရလဒ်ပင် ဖြစ်သည်။ တစ်ဖက်မှ သဘောမတူကြောင်း ပြောကြားလာပါက မည်သည့်အတွက်ကြောင့် ယင်းသို့ ငြင်းဆိုရသည်ကို မေးမြန်းသင့်သည်။ တစ်ဖက်မှ ရှင်းလင်းပြောကြားချက်ကို ဂရုတစိုက်နားထောင်၍ ၎င်းတို့၏ စိုးရိမ်ကြောင့်ကြမှုနှင့်ပတ်သက်၍ ဖြေရှင်းပေးခြင်းဖြင့် သဘောတူညီချက် ရရှိနိုင်ရေးအတွက် လိုအပ်သည့်အဆင့်များကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

(ည) နှစ်ဖက်လုံးသို့ ဘက်မလိုက်မည့် တတိယ အဖွဲ့အစည်းကို ရှာဖွေထည့်သွင်းပါ။ ကျွမ်းကျင်သော စေ့စပ်ညှိနှိုင်းသူတို့သည် ညှိနှိုင်းဆွေးနွေးမှုအတွင်း နှစ်ဖက်လုံးမှ ကျော်လွှားနိုင်ခြင်းမရှိသည့် အစိတ်အပိုင်းကို ဖော်ထုတ်နိုင်ပြီး နှစ်ဖက်လုံးမှ ယင်းအပေါ် ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးသူဖြစ်သည်။ ရံဖန်ရံခါ တတိယပုဂ္ဂိုလ်/အဖွဲ့အစည်းသည် ဆွေးနွေးနေသည့် နှစ်ဖက်လုံးအား တစ်ဖက်၏ သဘောထားအမြင်ကို အခြားတစ်ဖက်မှ သဘောပေါက်လာစေရန် ကူညီဆောင်ရွက်ပေးနိုင်သည်၊ ယုံကြည်မှု နည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကွာဟချက်များကို ကျဉ်းမြောင်းပေးနိုင်သည်။ ကိစ္စရပ်အများစုတွင် တစ်ဖက်ဖက်မှ တရားစွဲရန် ပြင်ဆင်ပြီးသည့်တိုင် ကျွမ်းကျင်သော စေ့စပ်ညှိနှိုင်းသူတို့အနေဖြင့် နှစ်ဖက်အကြား သဘောတူညီချက်ရရှိစေရန် ဆောင်ကြဉ်းပေးနိုင်သည်။

(ဋ) လိုအပ်ပါက ရှောင်ထွက်သွားပါ။ လိုအပ်လာပါက လုပ်ငန်းပိုင်း ဆွေးနွေးညှိနှိုင်းမှုမှ အဆုံးသတ်ရှောင်ထွက်သွားနိုင်ရန် အသင့်ပြင်ထားပါ။ တစ်ခါတစ်ရံ မည်သို့မျှ စေ့စပ်ညှိနှိုင်း၍ မရခြင်းကလည်း အကောင်းရလဒ် ဖြစ်တတ်သည်။ အချို့သော အခြေအနေများ၌ တစ်ဖက်ပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့မှ ပိုမိုကောင်းမွန်သည့် ကမ်းလှမ်းမှုများဖြင့် ဆွေးနွေးပွဲပြန်လည် စတင်ရန် ဖိတ်ခေါ်တတ်သည်။ သင့်အနေဖြင့် "ဆွေးနွေးပွဲမှ ထွက်ခွာသွားရန် ခြိမ်းခြောက်မည်ဆိုပါက စကားလုံးဖြင့် ခြိမ်းခြောက်ရုံသက်သက် မဟုတ်ဘဲ တစ်နေရာရာသို့ ရှောင်ထွက် သွားနိုင်ရန်" အသင့်ပြင်ဆင်ထားသင့်သည်။ မည်သို့ပင်ဖြစ်စေ ဆွေးနွေးညှိနှိုင်းမှုတိုင်းကို ကောင်းကောင်းမွန်မွန် အဆုံးသတ်သင့်သည်။ အကြောင်းမှာ အနာဂတ် တစ်ချိန်ချိန်တွင် တစ်ဖက်အဖွဲ့အစည်း/ ပုဂ္ဂိုလ်များနှင့် ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အခြေအနေနှင့် ကြုံတွေ့နိုင်ဖွယ် ရှိတတ်ခြင်းကြောင့်ဖြစ်သည်။ ရှေ့တိုးမရ၊ နောက်ဆုတ်မရ၊ လိပ်ခဲတည်း လည်း အခြေအနေမှာ စိတ်ပျက်စရာကောင်းသော်လည်း ဆွေးနွေးညှိနှိုင်းမှုမှာ လုံးဝပျက်ပြားသွားခြင်း မဟုတ်သေးပါ။ အထက်၌ ဖော်ပြခဲ့သည့် နည်းလမ်းများကို မှတ်သားလေ့လာပြီး မဆုတ်မနစ် ကြိုးပမ်းခြင်းဖြင့် ဆွေးနွေးညှိနှိုင်းမှုကို လမ်းကြောင်းပေါ်သို့ ပြန်လည်ခေါ်ဆောင်နိုင်မည်ဖြစ်သည်။

**"စေ့စပ်ဆွေးနွေးမှု အများအပြား၌ အပြီးသတ် အနေအထားသို့ ရောက်လုရောက်ခင်မှ တိုးတက်မှု ရပ်ဆိုင်းသွားသည့် အခြေအနေမျိုးလည်း ဖြစ်ပေါ်တတ်သည်။ ယင်းသို့ ရှေ့ဆက်တိုး၍ မရနိုင်သည့် အခြေအနေမျိုးမှာ ကြုံတွေ့ရတတ်သည့် ဖြစ်ရိုးဖြစ်စဉ်အဖြစ် မှတ်ယူထားပါ။ သဘောတူညီချက်ကို လုံးဝမရနိုင်တော့ဟု တထစ်ချ မှတ်ယူခြင်းမျိုး မပြုသင့်ပါ"**

## ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းသင်တန်းဖွင့်ပွဲကျင်းပ

**လင်းခေး ဇန်နဝါရီ ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်၏ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ကြားဖြတ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌကိုယ်စား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ကော်မတီအတွင်းရေးမှူး၊ အလုပ်သမားလူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်တို့က အမှာစကားပြောကြားကြပြီး သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ၁၂ ရက်အထိ ၁၁ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲ တက်ရောက်

## ရန်ကုန်တက္ကသိုလ်ကို နိုင်ငံ၏ဂုဏ်ဆောင်တက္ကသိုလ်ဖြစ်လာစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြား




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရန်ကုန် ဇန်နဝါရီ ၆

**ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တက္ကသိုလ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

### အရည်အသွေးရှိသောပညာရေး လူတိုင်းသင်ယူခွင့်ရရှိစေရန်

ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခါသမယ၌ ဆရာတိုင်း၊ ကျောင်းသားတိုင်း ကျန်းမာပျော်ရွှင်ရန် အရေးကြီးသည်နှင့်အညီ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို လက်ကိုင်ထားလျက် သင်ယူတတ်မြောက်မှု မြင့်မားလာစေရေးအတွက် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၏ အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဘဒ္ဒန္တဒေါက်တာဓမ္မသာမိနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဤစာတမ်းဖတ်ပွဲ၏အတိတ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်နည်းလမ်းများကို ရှာဖွေခြင်း ခေါင်းစဉ်သည် ပညာရေးပြုပြင်ပြောင်းလဲမှုတွင်လည်း အတိတ်နှင့်ပစ္စုပ္ပန်၏ စွမ်းဆောင်ရည်များကို ပြန်လည်သုံးသပ်လျက် အနာဂတ်အတွက် စီမံကိန်းနှင့် မူဝါဒများချမှတ်ရန် အရေးပါပုံကိုသတိပြုမိစေကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး မူဝါဒဖြင့် အရည်အသွေးရှိသော ပညာရေးကို လူတိုင်းသင်ယူခွင့်ရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရာတွင် ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ဘဝတစ်သက်တာ သင်ယူလေ့လာသူများ၏ အရည်အသွေးတိုးတက်လာစေရန် သင်ကြားသင်ယူမှု၊ လေ့ကျင့်ရေး၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုမှအစပြု၍ သင်ယူမှုဝန်းကျင်ကောင်းများကို ဖန်တီးအားပေးလျက်ရှိကြောင်း ပြောကြားသည်။

### နည်းပညာနှင့် သက်မွေးပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သုတေသနသည် တက္ကသိုလ်၏ အသက်ဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးရေး(Research & Development) သည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသောတိုးတက်မှုအတွက် အရေးပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ် ဆရာ၊ ဆရာမ အားလုံးပါဝင်သော သုတေသနယဉ်ကျေးမှုကို အားပေးလျက် ပေါင်းစည်းသုတေသန(Research Integrity)ကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ သုတေသနဆောင်ရွက်ရာတွင် လှုံ့ဆော်မှု(Motivation)သည် အရေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် အသုံးချသုတေသနကို အားပေးလျက် ၂၀၁၈ခုနှစ်မှ စတင်၍ အရည်အသွေးအခြေပြု (Merit-based) ရာထူးတိုးစနစ်ကို စတင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပ ပညာရပ်စာစောင်များတွင် သုတေသနဆောင်းပါးများ နှစ်စဉ်ပါဝင်ရေးသားလျက်ရှိရာ တိုးတက်လာပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းလျက် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး (Public-Private Partnership)ကို မြှင့်တင်လျက်ရှိသကဲ့သို့ ဒေသလုပ်သား ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စွမ်းရည်အခြေပြုကာလတို နည်းပညာနှင့် သက်မွေးပညာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိကြောင်း၊ ထို့အတူ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ဘွဲ့သင်တန်းအသစ်များကို သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ဖွင့်လှစ်သင်ကြားနိုင်ရန် အားပေးလျက်ရှိကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် တိုင်းရင်းသားစာပေလေ့လာမှု ဘွဲ့သင်တန်းသစ် စတင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသကဲ့သို့ ကျောင်းများ၊ တက္ကသိုလ်များတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိကြောင်း၊ သင်ယူတတ်မြောက်ရေးအတွက် ထိရောက်သော ဆရာအတတ်သင်ပညာရေးသည် အရေးကြီးသဖြင့် နှစ်နှစ်သင် ပညာရေးကောလိပ်များကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်လျက်ရှိပြီး အခြေခံပညာသင်ရိုးညွှန်းတမ်းသစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် သင်ရိုးများကို ပြုပြင်ရေးဆွဲလျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

### အခွင့်အလမ်းများရရှိစေရန် ပံ့ပိုးပေးလျက်ရှိ

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ ရန်ကုန်မြို့ရှိ တက္ကသိုလ် ခုနစ်ခုနှင့် မန္တလေးမြို့ရှိ တက္ကသိုလ် ခုနစ်ခုတို့ကို ကိုယ်ပိုင်လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရတက္ကသိုလ်များ (Autonomous Universities) ဖြစ်လာစေရန် အားပေးလျက်ရှိကြောင်း၊ မဟာဌာနကြီးများစနစ်ကို ကျင့်သုံးသည့် တက္ကသိုလ်ဖွဲ့စည်းပုံအသစ်များကို အတည်ပြုပြီးပါက တက္ကသိုလ်ပဋိညာဉ်များကို ညှိနှိုင်းပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များသည်လည်း သင်ယူမှုအရည်အသွေးမြင့်မားရေးနှင့် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပါမောက္ခချုပ်များကော်မတီသည်လည်း တက္ကသိုလ်များ၏ အရည်အသွေးတည်ဆောက်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက်ရှိကြောင်း၊ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များကို သူငယ်တန်း+ ၁၂ သင်ရိုးသစ်များနှင့် လိုက်လျောညီထွေရှိစေရန်နှင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းရေးစွမ်းရည်၊ သင်ယူမှုစွမ်းရည်၊ ပုဂ္ဂိုလ်ရေးစွမ်းရည်နှင့် လူမှုစွမ်းရည်များ တိုးတက်လာစေရန် ပြန်လည်သုံးသပ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားများ၏ အပြုသဘောဆောင်သော ရှုမြင်မှု၊ အပြုသဘောဆောင်သော တွေးတောမှုနှင့် အပြုသဘောဆောင်သော စိတ်ခံစားမှုတို့ကို အားပေးလျက် ရည်မှန်းချက်ပန်းတိုင်၏ ပင်မတန်ဖိုးများ (Core Values of Goals) ဖြစ်ကြသော လူသားကောင်းဖြစ်မှု၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တီထွင်ဆန်းသစ်ဖန်တီးမှုတို့ဖြင့် မျက်မှောက်ကမ္ဘာကြီးအတွက် အကောင်းဆုံးဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိစေရန် ပံ့ပိုးပေးလျက်ရှိကြောင်း။

၂၁ ရာစု နှစ်တွင် အဆိုပါ အရည်အသွေးများမရှိလျှင် လူငယ်မျိုးဆက်၏ အများစုမှာ အလုပ်အကိုင်ကောင်းရရှိရန် ခက်ခဲသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ရနိုင်ကြောင်း၊ ထို့ကြောင့် ၂၁ ရာစုနှစ် အရည်အသွေးများကို ပိုင်ဆိုင်နိုင်ရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ ပါဝင်သော ခံစားမှုအရည်အသွေး(EQ) နှင့် ဉာဏ်ရည်ဉာဏ်သွေး(IQ) တို့သည် လူတိုင်းအတွက် အရေးကြီးကြောင်း၊ ရန်ကုန်တက္ကသိုလ်၏ အတိတ်မှအတွေ့အကြုံအရ အရည်အသွေးရှိသော သင်ယူမှုသည် ပညာရေး၊ သင်ကြားရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အဓိကကျကြောင်း၊ ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ်(၁၀၀)ပြည့်တော့မည်ဖြစ်ပြီး ရာပြည့် ဦးတည်ချက်(၅)ရပ်နှင့်အညီ အားစိုက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသကဲ့သို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ချက်(17 SDGs) နှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (NESP 2021-2030)တို့အောင်မြင်ရေးအတွက် သော့ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ဖြင့် ပိုမိုငြိမ်းချမ်းသော၊ ကျန်းမာပျော်ရွှင်သော သင်ယူမှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးလျက် ရန်ကုန်တက္ကသိုလ်ကို နိုင်ငံ၏ ဂုဏ်ဆောင်တက္ကသိုလ် (Flagship University) ဖြစ်လာစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပမှ စာတမ်းရှင် ဆရာတော်ကြီး သုံးပါးက စာတမ်းများအား ဖတ်ကြားခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ်တွင် ဇန်နဝါရီ ၆ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိရာ ပါမောက္ခ ဆရာတော်များနှင့် ပညာရှင်များက စာတမ်းခြောက်စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့် ယာဉ်များအား အရေးယူဆောင်ရွက်မည်

ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးနှင့် မော်တော်ယာဉ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ ၁၅၃(ဆ) အရ မည်သည့်ယာဉ်မဆို လမ်းဆုံ/လမ်းခွအတွင်း၊ လမ်းထောင့်/လမ်းကွေ့အတွင်း၊ အဝိုင်းပတ်အတွင်း၊ ရထားလမ်းပေါ်၊ လမ်းနံဘေးနှင့် ကပ်လျက်ရှိသော ယာဉ်ကြောမှအပ ကျန်ယာဉ်ကြောများအတွင်း၊ ကျောင်း၊ ဆေးရုံအဝင်ဝ၊ တံတား၊ လမ်းကျဉ်းအဝင်ဝနှင့်အတွင်း၊ ဘတ်စ်ကားမှတ်တိုင်အတွင်း၊ တောင်ကုန်း၊ ရပ်ဆိုင်း(သို့မဟုတ်) ရပ်နားထားသောယာဉ်နှင့် ဘေးချင်းယှဉ်သည့်နေရာ၊ မျဉ်းဖြူနှစ်ကြောင်းရှိသော လမ်းနံဘေး၊ တစ်လမ်းမောင်းလမ်းသွယ်အတွင်း လမ်းလက်ဝဲဘက်နေရာများနှင့် မော်တော်ယာဉ်နည်းဥပဒေ ၁၅၃(ဈ) အရ မည်သည့်ယာဉ်မဆို ယာဉ်ထိန်းအချက်ပြမီးတိုင်၊ လမ်းညွှန်ဆိုင်းဘုတ်၊ ခြေကျင်လျှောက်သူများ ဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊ လူကူးမျဉ်းကျား အနီးနှင့် အနီးအဖြူကျား အမှတ်အသားပါရှိသော ကပ်တုံးနှင့် တိုင်နေရာတို့တွင် ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ၊ အဝါအနက်ကျား အမှတ်အသားပါရှိသော ကပ်တုံးနှင့် တိုင်နေရာတို့တွင် ရပ်နားခြင်းမပြုရခြင်းတို့အား ပညာပေးခြင်း၊ မော်တော်ယာဉ် နည်းဥပဒေအရ အရေးယူဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်နေသော်လည်း ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများရှိနေသောကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့် ယာဉ်များအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

(ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့သို့ရောက်ရှိလာသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ဆန်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

စစ်တွေ ဇန်နဝါရီ ၆

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီးတို့သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာတို့နှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ဧည့ဝတီ (က) ရပ်ကွက်ရှိ ဓမ္မာရာမပရိယတ္တိစာသင်တိုက် ဘုန်းကြီးကျောင်း၊ မင်းဂံရပ်ကွက်ရှိ ဝိဘဇ္ဇဝါဒီ (ပရဟိတ) ဘုန်းကြီးကျောင်းနှင့် ပြည်တော်သာရပ်ကွက်ရှိ ဗုဒ္ဓါမော်ဘုန်းကြီးကျောင်းတိုက်တို့၌ ရောက်ရှိနေကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။**



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မင်းဂံရပ်ကွက်ရှိ ဝိဘဇ္ဇဝါဒီ (ပရဟိတ) ဘုန်းကြီးကျောင်း၌ ခိုလှုံရောက်ရှိနေသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား အားပေးစကားပြောကြားစဉ်။

### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓမ္မာရာမပရိယတ္တိ စာသင်တိုက် ဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းတိုက်အတွင်းရောက်ရှိနေသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ကြည့်ရှုအားပေးသည်။

### လိုအပ်ချက်များ တင်ပြ

ထို့နောက် ကျောင်းတိုက်ဓမ္မာရုံတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကား ပြောကြားပြီး အခက်အခဲရှိပါက တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။ ယင်းနောက် ပြည်သူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

### ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများက တစ်လစာ ဆန်ရိက္ခာ ၁၀၉ အိတ်ကျော်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိဘဇ္ဇဝါဒီ (ပရဟိတ) ဘုန်းကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်တွင်းနေရပ်စွန့်ခွာသူများအား တွေ့ဆုံအားပေးကာ တစ်လစာ ဆန်ရိက္ခာ ၁၄ အိတ်ကျော်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဧည့ဝတီ(က) ရပ်ကွက်ရှိ ဓမ္မာရာမပရိယတ္တိစာသင်တိုက် ဘုန်းကြီးကျောင်း၌ ခိုလှုံရောက်ရှိနေသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ဆန်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

### တွေ့ဆုံအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗုဒ္ဓါမော်ဘုန်းကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းသည်။ ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများအား တွေ့ဆုံအားပေးကာ တစ်လစာ ဆန်ရိက္ခာ ၁၇ အိတ်ကျော်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ပြည်တွင်းနေရပ်စွန့်ခွာသူများမှာ ဓမ္မာရာမပရိယတ္တိစာသင်တိုက် ဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ၉၉ စု၊ အမျိုးသား ၁၃၅ ဦး၊ အမျိုးသမီး ၂၂၄ ဦး၊ ဝိဘဇ္ဇဝါဒီ (ပရဟိတ) ဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ၁၆ စု၊ အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး ၃၉ ဦးနှင့် ဗုဒ္ဓါမော် ဘုန်းကြီးကျောင်းတိုက်တွင် အိမ်ထောင်စု ၈ စု၊ အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၂၀ တို့ ရောက်ရှိနေထိုင်လျက် ရှိကြသည်။

### ကစားစရာပစ္စည်းများ ပေးအပ်

၎င်းမိသားစုဝင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာ တစ်လစာနှင့် ကျောင်းသုံးစာအုပ်များ၊ အားကစားပစ္စည်းများနှင့် ကလေးကစားစရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

### ခေတ္တခိုလှုံရန် ရောက်ရှိ

အဆိုပါ ပြည်တွင်းနေရပ်စွန့်ခွာသူများမှာ ရသေ့တောင်မြို့နယ်အတွင်းမှ စစ်တွေမြို့သို့ ခေတ္တခိုလှုံရန် ရောက်ရှိလာကြသူများဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာ

**နေပြည်တော် ဇန်နဝါရီ ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

**မြန်မာ့အလင်း**

## မြန်မာ့ရိုးရာ ဝိုင်းခြင်းခတ်ကစားနည်းကို ပြည်ပဧည့်သည်များ စိတ်ဝင်စားမှုများလာ

**ညောင်ဦး ဇန်နဝါရီ ၆**

မြန်မာ့ရိုးရာ ခြင်းလုံးကစားနည်းဖြစ်သော ဝိုင်းခြင်းခတ်ခြင်းကို ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်ကြသည့် ပြည်ပခရီးသွားများ စိတ်ဝင်စားမှုများလာနေကြောင်း ညောင်ဦးမြို့မှ အပျော်တမ်းဝိုင်းခြင်းခတ်အဖွဲ့မှ ဦးဇင်အောင်က ပြောသည်။

ပုဂံ-ညောင်ဦးမြို့ရှိ ခြင်းခတ်ဝါသနာရှင်များသည် ညနေပိုင်းအလုပ်သိမ်းချိန် မြေကွက်လပ်များတွင် ဝိုင်းခြင်းခတ်ကစားရာနေရာသို့ ပြည်ပနိုင်ငံသား၊ နိုင်ငံခြားသူများစိတ်ဝင်စားလာရောက်ကြည့်ရှုကြရာမှ ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ခြင်းရှိလာခဲ့ရာ ယခုနောက်ပိုင်း သူတို့ကိုယ်တိုင်ပါဝင်ကာ ခြင်းခတ်ကစားလာကြောင်းနှင့် ဝိုင်းခြင်းခတ်ကစားနည်း အခေါ်အဝေါ်များမှတ်သားလေ့လာကြကြောင်း ရန်ကုန်မြို့မှ စပိန်ဧည့်လမ်းညွှန် ဦးခင်မောင်ဌေးက ပြောသည်။

ဝိုင်းခြင်းခတ်ခြင်းများကို ညောင်ဦး၊ ပုဂံမြို့သစ်၊ ပုဂံမြို့ဟောင်းတို့တွင် ဝိုင်းခြင်းခတ်ခြင်း ၁၅ ဝိုင်းခန့်ရှိကြောင်း၊ အဆိုပါဝိုင်းခြင်းများကို ဟိုတယ်၊ မိုတယ် ကုမ္ပဏီတွေမှ ၄ားရမ်းကာ ညနေပိုင်း တန့်ကြည်တောင်ဘက်ခြမ်း ဧရာဝတီသဲသောင်ခုံပေါ်တွင် ပြည်ပနိုင်ငံသားများ ပုဂံနေဝင်ဆည်းဆာနောက်ခံနှင့် ဝိုင်းခြင်းခတ်ခြင်းများ ကြည့်ရှုကြကြောင်း၊ တောအလုခတ်ခြင်း၊ အရိုင်းခတ်ခြင်း၊ ဝိုက်ပန်းနွယ်၊ လျှပ်စစ်လေဝဲ၊ ဘာဂျာဖနောင့်၊ ဘာဂျာခြေခွင်၊ အပြောက်ရှပ်ထိပ်တင်၊ အပြောက်ရှပ်ဒူးခြင်းခတ် ကစားနည်းများသည် ဝိုင်းခြင်းခတ်ပညာရှင်များသာ ခတ်တတ်ကြပြီး နိုင်ငံခြားသား / သူများ အလွန်ပင်စိတ်ဝင်တစားကြည့်ရှုပြီး ဓာတ်ပုံ၊ ဗီဒီယိုရိုက်ခြင်းများဖြင့် မှတ်တမ်းတင်ကြကာ မြန်မာ့ဝိုင်းခြင်းကစားနည်းကို အံ့သြကြကြောင်း သိရသည်။



ပြည်ပဧည့်သည် ကလေးငယ်တစ်ဦး ဝိုင်းခြင်း၌ ဝင်ရောက်ကစားစဉ်။

မြန်မာ့ရိုးရာဝိုင်းခြင်းတွင် ခြင်းကြီး ၁၀ မျိုး၊ ခြင်းလတ် ၁၀ မျိုး၊ ခေတ်ဆန် ခြင်းသုံးမျိုး ရှိပြီး ယင်းတို့အထဲမှ မန္တလာစလွယ်ညွှန် ခြေဖျားလို သုံးမျိုးတွဲပြီး တီထွင်ခတ်ကစားနည်းများလည်းရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၆

**အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာရပ်သည် အားကစားတွင် အရေးကြီးပါကြောင်း၊ အဆိုပါပညာရပ်ကို တိုးတက်မြင့်မားလာရန်နှင့် လေ့လာရန် အများကြီး လိုအပ်ပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ဦးကျော်ဦးတို့က ကြိုဆိုပြန်လည်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးဆပ်ကော်မတီကိစ္စရပ်များ၊ အားကစားဆေးဘက်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေက အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး လိုအပ်ချက်များကို တင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၁၁၅၈ တွဲကို ငွေကျပ် ၂၃၅၆၁ ဒသမ ၄၀၃ သန်းဖြင့် ရောင်းချနိုင်

**နေပြည်တော် ဇန်နဝါရီ ၆**

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပဉ္စမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၁၁၅၈ တွဲကို ငွေကျပ် ၂၃၅၆၁ ဒသမ ၄၀၃ သန်းဖြင့် ရောင်းချနိုင်သည်။

ယနေ့ရောင်းချပွဲတွင် နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုကြပြီး ဈေးနှုန်းအဆိုပြုလွှာများ ရေးသား၍ သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

**အိတ်ဖွင့်တင်ဒါစနစ်**

ယနေ့ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲ အမှတ်(၁၂၅၁)မှ အတွဲအမှတ် (၂၅၀၀)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ၁၁၅၈ တွဲကို ငွေကျပ် ၂၃၅၆၁ ဒသမ ၄၀၃ သန်းဖြင့် ပြည်တွင်းရတနာကုန်သည်များထံ ရောင်းချနိုင်သည်။



ပြည်တွင်းရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ဝယ်ယူရန်ကြည့်ရှုလေ့လာကြစဉ်။ ဓာတ်ပုံ- ကျော်ဇင်ထိုက်

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဇန်နဝါရီ ၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ အမှတ်(၂၅၀၁)မှ အတွဲအမှတ် (၃၆၉၅)ထိ ကျောက်စိမ်းအတွဲပေါင်း ၁၁၉၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျောက်စိမ်းအတွဲ ၂၃၅၀ တွဲ ရောင်းချ**

ယခုရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ကျော်လာရောက်ခဲ့ပြီး ယနေ့အထိ ကျောက်မျက်အတွဲပေါင်း ၂၈၆ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၂၅၀၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ကိုးတွဲကို ငွေကျပ် ၃၆ ဒသမ ၉၁၈ သန်းဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၂၃၅၀ တွဲကို ငွေကျပ် ၄၂၃၈၆ ဒသမ ၁၂ သန်းဖြင့် လည်းကောင်း ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**




# မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲနှင့် တိုင်းဒေသကြီးကိုယ်စားပြု မြန်မာ့သိုင်းလက်ရွေးစင်များရွေးချယ်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၆**

၂၀၁၉-၂၀၂၀ ပြည့်နှစ် မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲနှင့် တိုင်းဒေသကြီး လက်ရွေးစင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြို့နယ်ပေါင်းစုံမှ မြန်မာ့သိုင်း အားကစားမောင်မယ် ၁၁၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ရဲမှူးဇော်ဝင်းနိုင်၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲအပြီး ၄၀ -၄၅ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် မဖြိုးအိလှိုင်က ပထမ၊ မခိုင်ဇင်ဝင်းက ဒုတိယ၊ အမျိုးသား ဓားတစ်လက်ပြိုင်ပွဲတွင် သူရိန်က ပထမ၊ ထွန်းထွန်းဝင်းက ဒုတိယ၊ အမျိုးသားဗန်တိုပြိုင်ပွဲ ၅၇ – ၆၁ ကီလိုတန်းတွင် ပထမ အောင်ခန့်ဇော်၊ ဒုတိယ နိုင်ဇော်ထက်အောင်နှင့် တတိယဆုကို မင်းခန့်တို့နှင့် ကျန်ပြိုင်ပွဲအတန်းများမှ ဆုရအားကစားမောင်မယ်များကို တိုင်းဒေသကြီး အား/ကာဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့သိုင်းဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**

# ရေစကြိုမြို့နယ်၌ ဆိုလာအသေးစား လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ



**ရေစကြို ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်အကြားရှိ ကျွန်းထဲကျေးရွာ ရှစ်ရွာမှ ဒေသခံကျေးလက်နေပြည်သူများ ဆိုလာစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာနေပြည်သူများနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတို့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) ဆိုလာအသေးစား လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရေစကြိုမြို့နယ် ငတရော်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

### လိုအပ်သည့်နည်းပညာပံ့ပိုးကူညီ

ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က အမှာစကားများပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြင့်မားလာစေရန်နှင့် စီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကမ္ဘာ့ဘဏ်၊ နယူးဇီလန်သံရုံးနှင့် ဂျာမနီသံရုံးတို့မှ တာဝန်ရှိသူများက ဆိုလာအသေးစား လျှပ်စစ်မီးလင်းရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်ပြီးစီးနိုင်ရေး လိုအပ်သည့် နည်းပညာပံ့ပိုးကူညီဆောင်ရွက်ခဲ့မှုများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

### ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ထို့နောက် Parami Energy ကုမ္ပဏီနှင့် Mega Global Green Automation ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ဆိုလာအသေးစား လျှပ်စစ်မီးလင်းရေးစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာတို့က တည်ဆောက်ပြီးစီးသည့် ဆိုလာအသေးစား လျှပ်စစ်မီးလင်းရေးစက်ရုံအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက ဆိုလာအသေးစား ဓာတ်အားပေးရေးစနစ်(Solar Mini – Grid) မီးလင်းရေးဖွင့်ပွဲ မှတ်တမ်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တည်ဆောက်ပြီးစီးသည့် ဆိုလာအသေးစား လျှပ်စစ်မီးလင်းရေးစက်ရုံအား လှည့်လည်ကြည့်ရှုကြသည်။ (ဓါတ်ပုံ)

အဆိုပါ ဆိုလာအသေးစား ဓာတ်အားပေးရေးစနစ် (Solar Mini – Grid) မီးလင်းရေးလုပ်ငန်းကို ကမ္ဘာ့ဘဏ်၊ GIZ တို့မှ နည်းပညာပံ့ပိုးပေးပြီး မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း( NEP Off Grid ) ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီမှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ ပူးပေါင်းကာ ဆိုလာ ၂၈၈ ကီလိုဝပ်၊ ဂျင်နရေတာ ၁၆၀ ကီလိုဝပ် ထုတ်ယူသုံးစွဲနိုင်မည့် ဆိုလာ – ဒီဇယ် ပေါင်းစပ်စနစ် အမျိုးအစားကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော် အကုန်အကျခံ၍ Parami Energy ကုမ္ပဏီနှင့် Mega Global Green Automation ကုမ္ပဏီတို့မှ တာဝန်ယူ အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

---

## ဓာတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစုနည်း

### ပါးစပ်ခြင်းအပ်၍ ပြုစုနည်း

(၁) သူနာကိုနောက်သို့လှဲပြီးဦးခေါင်းကို နောက်သို့လှန်၍မော့ထားပါ။

(၂) သူနာကို နှာခေါင်းညှစ်ပြီး ပိတ်ထားပါ။

(၃) မိမိကပါးစပ်ဟာပြီးအသက်ပြင်းပြင်း ရှူသွင်းထားပါ။

(၄) သူနာ၏ပါးစပ်ကို မိမိပါးစပ်ဖြင့်ငုံ၍ သူနာ၏ရင်ကြွလာသည့်တိုင်လေ မှန်မှန်မှုတ်သွင်းပြီး မိမိ၏ပါးစပ်ကို ခွာလိုက်ပါ။

### ပါးစပ်နှင့်နှာခေါင်းအပ်၍ ပြုစုနည်း

အကယ်၍သူနာ၏ပါးစပ်တွင် ဒဏ်ရာရှိနေလျှင်ငင်း၊ပုံ(၄)အတိုင်းလေမှုတ်သွင်းသော်လည်းရင်အုံကြွတက်မှုမရှိလျှင်ငင်း သူနာကိုပုံ(၁)အတိုင်းထား၍ သူနာ၏ပါးစပ်ကိုလက်ဖြင့်ပိတ်ကာမိမိကအသက်ပြင်းပြင်းရှူပြီး သူနာ၏နှာခေါင်းကို ပါးစပ်ဖြင့်ငုံ၍ လေမှုတ်သွင်းပါ။

---

✽ ကျောဖုံးမှ

မူဆယ်ရုံးခွဲ၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဇော်လင်းက ခရီးသွားလည်ပတ်မှုအခြေအနေကို ပြောကြားသည်။

### မူဆယ်မြို့သို့ လည်ပတ်ခြင်းကို နှစ်သက်ကြ

မူဆယ်မြို့နှင့် နမ့်ခမ်းမြို့သို့ ဝင်ရောက်လည်ပတ်နိုင်မည်ဆိုလျှင် ခရီးသွားဧည့်သည်များက ပိုမိုကြိုက်နှစ်သက်ကြပြီး နှစ်မြို့လုံး လည်ပတ်နိုင်မည်ဆိုပါက ခရီးသွားဧည့်သည်များလည်း ပိုမိုတိုးပွားလာမည်ဖြစ်သည်။ မူဆယ်မြို့သို့ လာရောက်လည်ပတ်များမှုကို မေးမြန်းစုံစမ်းခြင်းအားဖြင့် နေ့ချင်းပြန် ခရီးသွားဧည့်သည်များက မြန်မာနိုင်ငံသားများ၏ ခရီးသွားဧည့်သည်များအပေါ် နွေးထွေးပျူငှာစွာ ဆက်ဆံပြောဆိုသည့် အမူအကျင့်များ၊ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ မူဆယ်မြို့ရှိ အထင်ကရနေရာများသို့ လည်ပတ်ခြင်းနှင့် လာရောက်လည်ပတ်စဉ် စျေးဝယ်ထွက်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ မူဆယ်မြို့သို့ လာရောက်လည်ပတ်ခြင်းကိုအလွန်ကြိုက်နှစ်သက်ကြခြင်းဖြစ်ကြောင်း သိရသည်။

### ခရီးသွားဧည့်သည်များကြောင့် မူဆယ်မြို့အတွက် အကျိုးအမြတ်ရရှိ

မူဆယ်မြို့သို့ တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခြင်းအားဖြင့် မူဆယ်မြို့နှင့် မူဆယ်ဒေသခံများအတွက်လည်း အကျိုးအမြတ်ရှိကြောင်း သိရသည်။ “ဒီလို ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်ခြင်း အားဖြင့် ခရီးသွားကုမ္ပဏီတွေ တစ်ဖက်နဲ့ တစ်ဖက် ချိတ်ဆက်ပြီးတော့ ကုမ္ပဏီတွေ အကျိုးအမြတ်ရတယ်။ နောက်ပြီးတော့ ကုမ္ပဏီတွေက သူတို့ဝန်ထမ်းတွေကို ဒေသခံလမ်းညွှန်ပေးဖို့ အသုံးပြုတဲ့အတွက် အလုပ်ဖြစ်တယ်။ ခရီးသွားဧည့်သည်တွေကို ကြိုပို့လုပ်ပေးတဲ့ ယာဉ်မောင်းတွေအတွက်လည်း ပို့ဆောင်ရေးလုပ်ငန်းတွေ အကျိုးဖြစ်တယ်။ မြန်မာပြည် ရောက်တုန်းရောက်ခိုက်မှာ ခရီးသွားဧည့်သည်တွေက စားသောက်ဆိုင်တွေမှာ သူတို့ကြိုက်နှစ်သက်တဲ့ အစားအသောက်တွေကို ဝယ်ယူစားသောက်ကြတယ်။ မြန်မာဘက်ကသူတို့သဘောကျတဲ့ ကုန်ပစ္စည်းတွေကိုလည်း ဝယ်ယူကြတဲ့အတွက် မူဆယ်မြို့ဒေသခံတွေအတွက်လည်း အကျိုးရှိပါတယ်” ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဇော်လင်းက ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခြင်းအားဖြင့် မူဆယ်မြို့အတွက် အကျိုးရှိပုံကို ဆက်လက်ပြောကြားသည်။ ခရီးသွားဧည့်သည်များ၏ ဝန်ဆောင်မှုအဖြစ် တချို့ကုမ္ပဏီများ ကဖျော်ဖြေမှုများ ထည့်ထားသည့်အတွက် ဖြေဖျော်ရေးနှင့် ပတ်သက်ဆက်နွှယ်သည့် လုပ်ငန်းလုပ်ကိုင်သူများ၊ မူဆယ်မြို့၏ အထင်ကရနေရာများ၊ ဘုရားများသို့ လည်ပတ်စဉ် အလှူငွေများ ထည့်လှူခြင်းတို့ကြောင့် အလွှာပေါင်းစုံကို အကျိုးရှိစေကြောင်း သိရသည်။

### ဟိုဆောင်ဂိတ်မှ အဝင်/အထွက် ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိ

မြန်မာ–တရုတ် နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် (နန်းတော်ဂိတ်)မှ မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး တရားဝင် အဝင်/အထွက် ခွင့်ပြုနေပြီဖြစ်သည်။ (အပေါ်ပုံ)

ယခုကဲ့သို့ လွတ်လပ်စွာ အဝင်/အထွက် ခွင့်ပြုထားသည့် မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများကို မူဆယ်မြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြိုဆိုကြောင်း သိရသည်။ (ဟိုဆောင်ဂိတ်)ဟု လူသိများသည့် ဂိတ်အမှတ်(၄)ကိုလည်း လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းဆောင်ရွက်ပြီးနောက် (ဟိုဆောင်ဂိတ်)မှ မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများကို ထပ်မံဝင်/ထွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

### အကျိုးစီးပွားများကို အထောက်အကူပြုမည်

“ယခုလို မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများကို အဝင်/အထွက် ခွင့်ပြုထားတဲ့အတွက် ကျွန်တော်တို့ဌာနအနေနဲ့ ကြိုဆိုပါတယ်။ ခရီးသွားလုပ်ငန်းတွေကို အများကြီး အထောက်အကူပြုပါတယ်။ ဌာနအနေနဲ့လည်း လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများကို ဝင်/ထွက်ခွင့်ပြုခြင်းကြောင့် နှစ်နိုင်ငံ နယ်စပ်ဂိတ်များလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နယ်စပ်ဒေသ၏ အကျိုးစီးပွားများကိုလည်း အထောက်အကူပြုမည် ဖြစ်သည်။ အသစ်ထပ်မံတိုးချဲ့မည့် နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် (ဟိုဆောင်ဂိတ်)မှ ခရီးသွားဧည့်သည်များ ဆက်လက်ဝင်ရောက်လာနိုင်ရန်အတွက် မူဆယ်မြို့၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်သွားမည် ဟု သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ မူဆယ်မြို့ နှစ်နိုင်ငံ အဝင်/အထွက်ဂိတ်များမှ နေ့ချင်းပြန် တရုတ်နိုင်ငံသားခရီးသွားဧည့်သည် စုစုပေါင်း လေးသောင်းကျော် လာရောက်လည်ပတ်ကြပြီး ၂၀၁၈ ခုနှစ်ထက် ၂၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။



**ဆလိုင်းဗန်ရီးထန်(ပြန်/ဆက်)**

## မီးဘေးကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း မြို့နယ်များ၌ ဖွင့်လှစ်

### ရေနံချောင်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၆ ရက်က ဖွင့်လှစ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချိုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်ဦးက အရေးပေါ် မီးငြိမ်းသတ်နည်းများနှင့် စက်ကိရိယာ ကိုင်တွယ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသား ၅၀ တက်ရောက်ကြောင်း သိရသည်။ **ကိုစိုးကြီး**

### မံစီ

ကချင်ပြည်နယ် မံစီမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းကို ဇန်နဝါရီ ၆ ရက်က ဖွင့်လှစ်ခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေက အမှာစကားပြောကြား၍ သင်တန်းသားများထံ သင်တန်းသုံး သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျောက်ပန်းတောင်း

ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်တိုက်နယ်ခွဲအတွင်းရှိ ကျေးရွာများတွင် မီးဘေးကာကွယ်ရေးအတွက် ဒေသခံလူငယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းကို ဇန်နဝါရီ ၆ ရက်က ပွေးကျစ်ကျေးရွာ နယ်မြေမီးသတ်စခန်း၌ ဖွင့်လှစ်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဌေးက သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းကို ဇန်နဝါရီ ၃၁ ရက်အထိ ဖွင့်လှစ်ပြီး မီးသတ်တပ်ဖွဲ့၏ သမိုင်းကြောင်းများ၊ မီးလောင်မှု၏အခြေခံသဘောတရားများ၊ အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပုံနှင့် တာဝန်များ၊ အရန်မီးသတ်တပ်ဖွဲ့၏ ရည်ရွယ်ချက်များ၊ အရေးပေါ် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများအကြောင်းနှင့် ကိုင်တွယ်အသုံးပြုပုံများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် အသက်ကယ်ပညာ ဆန်းစစ်ချက်များ အစရှိသည့် သင်ခန်းစာများနှင့် စစ်ရေးပြဘာသာရပ်များကို စာတွေ့/လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**နေအောင်(ပြန်/ဆက်)**

### မိုင်းရယ်

လားရှိုးခရိုင် မိုင်းရယ်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းကို ဇန်နဝါရီ ၆ ရက်က မြို့နယ်မီးသတ်စခန်း ခန်းမ၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖုန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးလွင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မိုင်းရယ်မြို့ပေါ် ရပ်ကွက်သုံးခုနှင့် ဟိုယ ကျေးရွာတို့မှ သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

### ကွမ်းလုံ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘုန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ စခန်းတာဝန်ခံ ဦးအာကာဝင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသားများအတွက် အရန်မီးသတ် တူညီဝတ်စုံများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းသန်းစောက ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးညှင်း

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ဇန်နဝါရီ ၆ ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၁၀၀ တက်ရောက်ကာ သင်တန်းကာလမှာ ဇန်နဝါရီ ၃၁ ရက်အထိဖြစ်ကြောင်းနှင့် သင်တန်းတွင် အခြေခံစစ်ရေးပြ၊ မီးသတ်ပညာ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဘာသာရပ်များကို စာတွေ့လက်တွေ့ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်ထွေး(မိုးညှင်း)**

### ဆွမ်ပရာဘွမ်

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်က မြို့နယ်ဘန်ရူခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် အခြေခံမီးသတ်ပညာနှင့် သဘာဝဘေးဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးကိုကိုမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ **ဖုန်ကန်(ပူတာအို)**

## ငါးထပ်ကြီးဘုရား (၁၁၉)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် "မဟာသကျအတုလမာရ်အောင်" ဘွဲ့တော်ဆောင်သော "ငါးထပ်ကြီးဘုရား" (၁၁၉)နှစ်ပြည့် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဇန်နဝါရီ ၁၂ ရက်တွင် ဘုရားအမှူးရှိသော သံဃာတော် ၁၀၈ ပါးတို့အား စာရေးတံမဲ၊ ငွေပဒေသာပင်များနှင့်တကွ နဝကမ္မဝတ္ထုပစ္စည်းများ၊ ဆွမ်းဆန်စိမ်းများ လောင်းလှူကြမည်ဖြစ်ကာ သီလရှင်ဆရာကြီး၊ ဆရာလေး အပါး ၉၀ ပင့်ဖိတ်သွားမည်ဖြစ်သည်။

ထို့ပြင် ဇန်နဝါရီ ၉ ရက်တွင် မြန်မာ့ရိုးရာ ခြင်းအလှဖျော်ဖြေမှု၊ ဇန်နဝါရီ ၁၀ ရက်တွင် မိုးနတ်မယ် တေးပဒေသာကပွဲ၊ ဇန်နဝါရီ ၁၁ ရက်တွင် ရုပ်ရှင်ဂီတ သီဆိုဖျော်ဖြေမှု၊ ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဟားညီနောင်အဖွဲ့တို့ဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## ကန်ကြီးထောင့်မြို့၌ မြို့ပြစာကြည့်တိုက်ဖွင့်လှစ်ပွဲ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ ဘောလုံးကွင်းလမ်း၌ မြို့ပြစာကြည့်တိုက် ဖွင့်လှစ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး မင်းယုဝေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စခင်ဇော်လင်း၊ တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးထွန်း၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူနှင့် မြို့ပြစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဇင်မာဦးတို့တက်ရောက်၍ မြို့ပြစာကြည့်တိုက် အဆောက်အဦကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာအပေါ်ပုံ)**



ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင် (၉၂)နှစ်ရှိ စာရေးဆရာကြီး မင်းယုဝေက "ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ၊ မပျောက်ပျက် အောင်ထိန်းသိမ်းပါ" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကျင်းပရာ ဒေသခံ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

## ကလေးမြို့ ပြည်သူ့စာကြည့်တိုက်အတွက် UNICEF (မြန်မာ)မှ တိုင်းရင်းသားဘာသာ ပုံပြင်စာအုပ်များ ပေးပို့လှူဒါန်း

**ကလေး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ တိုင်းရင်းသားကလေးငယ်များ တိုင်းရင်းသားစာပေကို အလွယ်တကူလေ့လာဖတ်ရှုနိုင်စေရန် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်းအတွက် UNICEF (မြန်မာ)မှ ကလေးစာပေ တိုင်းရင်းသားပုံပြင်စာအုပ် ၂၅၀ ကို ဇန်နဝါရီ ၁ ရက်က ပေးပို့လှူဒါန်းခဲ့ရာ ယခုအခါ ကလေးငယ်မည်သူမဆို လေ့လာဖတ်ရှုငှားရမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

"မိမိဒေသမှာရှိတဲ့ တိုင်းရင်းသားကလေးငယ်တွေ စာအုပ်စာပေကို ချစ်မြတ်နိုးလာစေဖို့၊ မိခင်ဘာသာစကား တတ်မြောက်မှုမြင့်မားလာစေဖို့နဲ့ ရုံးသုံးဘာသာစကားဖြစ်တဲ့ မြန်မာစာပေ၊ မြန်မာစကားကို လေ့လာရာမှာ အထောက်အကူဖြစ်စေဖို့ရည်ရွယ်ပြီး UNICEF(မြန်မာ)ကနေ အခုလိုလှူဒါန်း ပေးခြင်းဖြစ်ပါတယ်။ မြန်မာလူမျိုးများဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားစာပေတွေကို မြန်မာဘာသာနဲ့ပြန်ဆိုထားပြီး ရုပ်ပြ/ကာတွန်းတွေနဲ့ သရုပ်ဖော်ထားတဲ့ စာအုပ်ဖြစ်ပါတယ်" ဟု ကလေးခရိုင် ပြည်သူ့စာကြည့်တိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများရှိ ပြည်သူ့စာကြည့်တိုက်များတွင် ကလေးငယ်များ တိုင်းရင်းသား လူမျိုးများ၏ ချစ်စရာ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို သိရှိလေ့လာနိုင်စေရန်၊ တိုင်းရင်းသားစာပေလေ့လာဖတ်ရှုနိုင်ရန်၊ တိုင်းရင်းသားကလေးငယ်များ မိခင်ဘာသာစကားတတ်မြောက်မှု မြင့်တင်ရန်၊ မြန်မာစာပေ၊ မြန်မာစကားကို လေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် UNICEF (မြန်မာ)မှ တိုင်းရင်းသားဘာသာ ၂၅ မျိုး ဖြင့်ထုတ်ဝေသည့် ကလေးစာပေ တိုင်းရင်းသား ပုံပြင်စာအုပ်များကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **ချင်းတွင်းသား**

## အခမဲ့စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် အလုပ်ရှင်အလုပ်သမားချိတ်ဆက်ပေးမှုများ ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှ ဦးဆောင်ကျင်းပသော အခမဲ့စီးပွားရေးဆိုင်ရာ ဟောပြောပွဲနှင့် အလုပ်ရှင်အလုပ်သမား ချိတ်ဆက်ပေးမှုများကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့




၇၈ လမ်းရှိမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ခန်းမ၌ ကျင်းပသည်။ **(ဝဲအောက်ပုံ)**

ရှေးဦးစွာ MRCCI မှ တာဝန်ရှိသူများက အလုပ်လုပ်ကိုင်လိုသော လူငယ်များနှင့် အလုပ်သမားလိုအပ်လျက်ရှိသော လုပ်ငန်းရှင်များအား ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် MRCCI မှ တွဲဖက်အတွင်း ရေးမှူး ဦးသက်ထွန်းလင်းက အမှာစကားပြောကြားပြီး စီးပွားရေးဆိုင်ရာ ဟောပြောပွဲအား ဆက်လက်ကျင်းပရာ စာရေးဆရာ ကောင်းလွန်းက "Small Business High Impact'' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သရုပ်ဆောင် အကယ်ဒမီ ဆွေဇင်ထိုက်က "Innovative Idea & Intelltual Property" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စီးပွားရေးဆိုင်ရာ သင်တန်းနည်းပြဆရာ အေးချမ်းကိုကိုက "Innovation Around You" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲသို့ MRCCI မှ တာဝန်ရှိသူများ၊ အလုပ်ရှင်/ အလုပ်သမားများ၊ စီးပွားရေးဆိုင်ရာ စိတ်ပါဝင်စားသူ လူငယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ၂၀၂၀ MNL အမှတ်ပေးချန်ပီယံအသင်း ၂၀၂၁ ချာရတီဖလားပြိုင်ပွဲ အိမ်ကွင်း၌ လက်ခံကျင်းပခွင့်ရမည်

ရန်ကုန် ဇန်နဝါရီ ၆

**မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရသည့်အသင်းသည် လာမည့်နှစ် ချာရတီဖလားပြိုင်ပွဲကို အိမ်ကွင်း၌ လက်ခံကျင်းပခွင့်ရရှိမည်ဖြစ်သည်။**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် MFF ချာရတီဖလားပြိုင်ပွဲကို ၂၀၁၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သော်လည်း လာမည့်ရာသီမှ စတင်ကာ ကျင်းပမည့်ကွင်းကို ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ရာသီ MNL ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်း ၁၂ သင်းအနက် ကိုးသင်းမှာ အိမ်ကွင်းတွင် လက်ခံကျင်းပမည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံဖြစ်သည့် အသင်းကို ဦးစားပေးသည့်အနေဖြင့် ၂၀၂၁ ချာရတီဖလားပြိုင်ပွဲကို အိမ်ကွင်း၌ လက်ခံကျင်းပခွင့်ရမည် ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၂ ရာသီမှ စတင်ကာ အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းကို ရာသီကြို ချာရတီဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ ချာရတီဖလားပြိုင်ပွဲကို ကိုးကြိမ် ကျင်းပထားပြီး ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းက သုံးကြိမ်စီဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကာ ရေဝတီအသင်းက နှစ်ကြိမ်၊ မကွေးအသင်းက တစ်ကြိမ် ဖိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဇန်နဝါရီ ၅ ရက်က ယှဉ်ပြိုင်ကစားသည့် ၂၀၂၀ ချာရတီဖလားပြိုင်ပွဲတွင် ရန်ကုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် နှစ်ကြိမ်ဆက်ဖိုလ်စွဲထားသည်။

ချာရတီဖလားပြိုင်ပွဲတစ်လျှောက် ၂၀၁၂ ခုနှစ်တွင် ရေဝတီအသင်း၊ ၂၀၁၃ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၄ ခုနှစ်တွင် ရှမ်းယူနိုက်တက်အသင်း (ယခင် ကမ္ဘောဇ)၊ ၂၀၁၅ ခုနှစ်တွင် ရေဝတီအသင်း၊ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၇ ခုနှစ်တွင် မကွေးအသင်း၊ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၉ ခုနှစ်တွင် ရှမ်းယူနိုက်တက်အသင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ရှမ်းယူနိုက်တက်အသင်းတို့ ဖိုလ်စွဲထားသည်။ **ညီမြတ်သော်တာ**




၂၀၂၀ ချာရတီဖလားပြိုင်ပွဲတွင် ဖိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်း။ ဓာတ်ပုံ-ဖိုးသော်ဇင်

● *ကျောဖုံးမှ*

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ငါးချီပွဲတွင် အဓိကတွဲဆိုင်းများအဖြစ် ပွဲ ၆၀ ထိုးသတ်ခဲ့ပြီး ၂၉ ပွဲနိုင်၊ ပွဲ ၃၀ သရေကျထားကာ ရှုံးပွဲတစ်ပွဲသာ ရှိထားသည့် သွေးသစ်ဝင်းလှိုင်(မြန်မာ) နှင့် ပွဲ ၇၀ ထိုးသတ်ခဲ့ပြီး ၄၅ ပွဲနိုင်၊ ၅ ပွဲ သရေကျကာ ပွဲ ၂၀ ရှုံးနိမ့်ထားသည့် ကျင်လွှပ်(ထိုင်း)တို့ပွဲတွင် ပထမအချီ ၁ မိနစ် ၅ စက္ကန့်၌ သွေးသစ်ဝင်းလှိုင်၏ လက်သီးထိုးချက်ကြောင့် ကျင်လွှပ် အနားတောင်းခဲ့သည်။

ပထမအချီ၌ ကျင်လွှပ် ပြန်လည်ထိုးသတ်သော်လည်း ၂ မိနစ် ၂၃ စက္ကန့်တွင် သွေးသစ်ဝင်းလှိုင်၏ ဘယ်ညာလက်သီးတွဲလုံးကြောင့် ကျင်လွှပ် အနားတောင်း အရှုံးပေးလိုက်ရသည်။

နောက်တစ်ပွဲဖြစ်သည့် သွေးသစ်မောင်(မြန်မာ)နှင့် ဆူဝစ်(ထိုင်း)တို့ပွဲမှာလည်း သွေးသစ်မောင်၏ လက်သီးပါဝါကြောင့် ပထမအချီ၌ ဆူဝစ် နှစ်ကြိမ် အနားတောင်း၊ အမှတ်စဉ်ရေတွက်ခံရ၍ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်း မရှိဘဲ သွေးသစ်မောင် အနိုင်ရရှိသွားသည်။

အခြားတွဲဆိုင်းများ အဖြစ် လွမ်းချိုင်း(မြန်မာ)နှင့် ခမ်ကစ်(ထိုင်း)တို့ပွဲမှာ သူတင်ကိုယ်တင်ထိုးကြသော်လည်း ပူးတွဲသရေကျခဲ့သည်။ ကိုယ်လုံးတူ၊ အရပ်တူကြသည့် အောက်ချင်းလေး(မြန်မာ)နှင့် ဘန်စီဟာခို့(လာအို)တို့ပွဲမှာလည်း ပရိသတ်သဘောကျခဲ့ပြီး အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့သည်။

နောက်တစ်ပွဲဖြစ်သည့် မိုးမောင်(မြန်မာ)နှင့် မစ်စီဟာခို့(လာအို)ပွဲတွင် ပူးတွဲသရေကျခဲ့သည်။ နောက်တစ်ပွဲဖြစ်သည့် စောဘဟိန်း(မြန်မာ)၏ လက်သီး၊ ခြေကန်ချက်များကြောင့် ဝမ်ချက်(ထိုင်း)ကို ပထမအချီ၌ အလဲထိုးနိုင်ခဲ့ကာ စောဘဟိန်း အနိုင်ရရှိသွားသည်။

သိန်းစိုး (မြန်မာ)နှင့် ဘွန်လိုင်(ထိုင်း)တို့ပွဲမှာလည်း အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ကြကာ သိန်းစိုး သုံးချီမြောက်တွင် ဒဏ်ရာအနာတရရကာ အရှုံးပေးလိုက်ရသည်။

ယင်းပြိုင်ပွဲတွင် မျိုးဆက်သစ်စိန်ခေါ်ပွဲ သုံးပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**




အောက်ချင်းလေး(မြန်မာ)နှင့် ဘန်စီဟာခို့(လာအို)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

○ *ကျောဖုံးမှ*

ထပ်မံကစားရတော့မည်ဖြစ်သည်။ ယင်းသုံးပွဲတွင် အိမ်ကွင်းတစ်ပွဲသာ ကစားရမည်ဖြစ်ပြီး ကာဂျစ္စတန်နှင့်ပွဲကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်သည်။

## မန္တလာသီရိကွင်းသို့ ပြောင်းလဲကျင်းပမည်

မြန်မာ့ လက်ရွေးစင်အသင်းသည် ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးပွဲစဉ်အဖြစ် မတ်လ၌ ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲ ကစားရမည်ဖြစ်ပြီး မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေး ကွင်း၊ မတ် ၃၁ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ ကာဂျစ္စတန်အသင်းနှင့်ပွဲကို မူလက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း မန္တလေးမြို့ရှိ မန္တလာသီရိကွင်းသို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ယင်းနှစ်ပွဲ အတွက် ကစားသမားရွေးချယ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ဇန်နဝါရီ ၅ ရက်က ကစားခဲ့သည့် ချာရတီ ဖလားပြိုင်ပွဲကို ကြည့်ရှုခဲ့သလို ဇန်နဝါရီ ၁၀ ရက်တွင် စတင်မည့် MNL အမှတ်ပေးပွဲစဉ်များကိုလည်း လိုက်လံကြည့်ရှုမည်ဖြစ်သည်။ အန်တွမ်နီဟေးသည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်တွင် ပြန်လည်ခန့်အပ်ခံခဲ့ရပြီး ၎င်းလက်ထက်တွင် မြန်မာအသင်းသည် သုံးပွဲစလုံး အနိုင်ရထားသည်။

## ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နှစ်ပွဲဆက် ပြန်လည်အနိုင်ရ

ပထမဆုံးပွဲဖြစ်သည့် နီပေါ လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် သုံးဂိုးပြတ်အနိုင်ရခဲ့သလို ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် သုံးပွဲဆက် ရှုံးနိမ့်ထားမှုကိုလည်း ရပ်တန့်ကာ နှစ်ပွဲဆက် ပြန်လည်အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာတွင် က စားသည့် အိမ်ကွင်း နှစ်ပွဲတွင် တာဂျစ်ကစ္စတန် အသင်းကို လေးဂိုး-သုံးဂိုး၊ မွန်ဂိုလီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရလဒ်ကောင်းရန် ကာဂျစ္စတန်နှင့် အိမ်ကွင်း၊ ဇွန်တွင်ကစားရမည့် တာဂျစ်ကစ္စတန်အသင်းတို့နှင့် ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။

## ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ငါးပွဲကစား ခြောက်မှတ်ရထား

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းနှစ်သင်းနှင့် တစ်မှတ်အကွာတွင် ရှိနေသောကြောင့် ထိပ်တိုက်တွေ့ဆုံသည့်ပွဲများတွင် ရလဒ်ကောင်းမှသာ အခြေအနေကောင်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ငါးပွဲကစား ခြောက်မှတ်ရထားသည်။ **ညီမြတ်သော်တာ**

## သက်ကြီးမြန်မာ့လက်ရွေးစင် ဘောလုံးနည်းပြဟောင်းများ ကန်တော့ပွဲနှင့် လက်ရွေးစင်ဘောလုံးသမားဟောင်းများ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌမှ ဦးစီး၍ (၉)ကြိမ်မြောက် သက်ကြီးမြန်မာ့လက်ရွေးစင် ဘောလုံးနည်းပြဟောင်းများအား ပူဇော်ကန်တော့ပွဲနှင့် လက်ရွေးစင်ဘောလုံးသမားဟောင်းများ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ကစားပွဲ ကို ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်အောင်က ဦးဆောင်၍ သက်ကြီးမြန်မာ့လက်ရွေးစင် ဘောလုံးနည်းပြများအား မြန်မာ့လက်ရွေးစင်ဘောလုံးသမားများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

ယင်းနောက် မြန်မာ့လက်ရွေးစင် ဟောင်းကြီး ဦးသိန်းအောင် (၈၆)နှစ်က ဆုံးမသြဝါဒစကား ပြောကြားသည်။ ယင်းနောက် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ နှင့် Mayangone Old Star ကလပ်အသင်းတို့က လွတ်လပ်ရေးအထိမ်းအမှတ်ဂုဏ်ပြု ချစ်ကြည်ရေး ဘောလုံးယှဉ်ပြိုင်ကစားခဲ့ကြပြီး သက်ကြီးလက်ရွေးစင် ဘောလုံးသမားဟောင်းများ အစုအဖွဲ့သို့ လွတ်လပ်ရေးနေ့ အမှတ်တရ ဂုဏ်ပြုဆုဖလားပေးအပ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# စီရော်နယ်ဒို၏ ဟက်ထရစ်ဂိုးဖြင့် ဂျူဗင်တပ်စ်တို့ ကက်ဂလီယာရီကို ဂိုးပြတ်နိုင်

အီတလီစီးရီးအေ ပွဲစဉ်(၁၈)အဖြစ် ဂျူဗင်တပ်စ်နှင့် ကက်ဂလီယာရီပွဲစဉ်ကို ဇန်နဝါရီ ၆ ရက် ညတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ဂျူဗင်တပ်စ်အသင်း လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။


ယင်းပွဲတွင် ဂျူဗင်တပ်စ်အသင်းသည် ၄-၃-၁-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ကက်ဂလီယာရီအသင်းသည် ၄-၃-၁-၂ ပုံစံဖြင့် အိမ်ရှင်ကစားကွက်အတိုင်း ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၄၉ မိနစ်တွင် စီရော်နယ်ဒိုက ဂျူဗင်တပ်စ်အတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ၆၇ မိနစ်တွင် ပယ်နယ်တီ အခွင့်အရေးထပ်မံရရှိကာ စီရော်နယ်ဒိုက ထပ်မံသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ဂျူဗင်တပ်စ်အသင်း၏ တိုက်စစ်ကို မဟန့်တားနိုင်ခဲ့ဘဲ ပွဲချိန် ၈၁ မိနစ်တွင် ဟီဂူအင်က တတိယဂိုးသွင်းယူခဲ့ပြီး စီရော်နယ်ဒိုက ပွဲချိန် ၈၂ မိနစ်တွင် ဂျူဗင်တပ်စ်အတွက် စတုတ္ထမြောက်ဂိုးနှင့် သူ၏ ဟက်ထရစ်ဂိုးကို သွင်းယူခဲ့သည်။

ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုမှာ ဂျူဗင်တပ်စ်က အသာစီးယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့်လည်း အကြိမ် ၂၀ အထိ ရရှိကာ ၁၀ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ကက်ဂလီယာရီအသင်းသည် ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်ရရှိကာ တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ယခုနှစ်ရာသီစီးရီးအေပြိုင်ပွဲတွင် ချန်ပီယံ ဂျူဗင်တပ်စ်ကို ဖိအားပေးနိုင်သည့်အသင်းမှာ အင်တာအသင်းပင်ဖြစ်သည်။

စီးရီးအေ ပွဲစဉ်(၁၈) အခြားပွဲစဉ်ရလဒ်များမှာ တိုရီနိုက ရိုးမားကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘိုလော့ဂ်နာနှင့် ဖီအိုရင်တီးနားမှာ တစ်ဂိုးစီ သရေကျခဲ့သည်။ အတ္တလန္တာက ပါးမားကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အေစီမီလန်နှင့် ဆမ်ဒိုးရီးယားမှာ ဂိုးမရှိ သရေကျခဲ့သည်။

**သီဟ**



စီရော်နယ်ဒို ကက်ဂလီယာရီ ဂိုးသမားကို ကျော်ဖြတ်၍ အဖွင့်ဂိုးသွင်းယူစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၇-၁-၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၄၀ - အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းခန်း
၈:၅၀ - ပြည်သူ့အကျိုးပြုမှတ်တိုင်များ "အိပ်မက်များကို အကောင်အထည်ဖော်နိုင်ပြီ ပြည်သူ့အတွက်... လင်းရောင်ခြည်" (ကြာအင်းဆိပ်ကြီးမြို့)
၉:၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁:၀၀ - ဥပဒေရေးရာအဖြာဖြာ "တစ်လင်တစ်မယားစနစ်နှင့် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ အကြောင်း သိကောင်းစရာ"
၁၂:၃၅ - "မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာသက်သက်ဇင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၂:၄၅ - "နင်" (အကယ်ဒမီနေအောင်၊ ကျော်ထက်အောင်၊ ပိုင်ဖြိုးသု) (ဒါရိုက်တာ-မင်းခိုက်စိုးစံ)
၁၃:၄၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၁၉) (၂) "နှင်းဖြူဖြူနှင့် ဆီးတော်ပွင့်နီနီတို့ကြောင့် ဥယျာဉ်ကြီးသည် လှပတင့်မောနေခြင်း" (၂)
၁၄:၄၀ - Yes or No Talk Show

**ညပိုင်း**

၁၆:၂၀ - ရုပ်ရှင်ရာပြည့် (Promo)
၁၇:၁၀ - "အယ်လ်ဘာ့တီးနားဆိုလီယာနီနှင့် တွေ့ဆုံမေးမြန်းခန်း"
၁၈:၂၅ - ဥပဒေစကားဝိုင်း "ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ အခန်းကဏ္ဍ"
၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၀) (၁) "သတ္တိကောင်းသော ချင်ဝမ်းသည် အိပ်ရာထဲတွင် ဥဒေါင်းတောင် ဝတ်လုံကို ချုပ်လုပ်ခြင်း" (၁)
၁၉:၄၅ - တက္ကသိုလ်ရာပြည့် ဂုဏ်ပြုတေးများ
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ - "အိပ်မက်လမ်းသို့ခရီးရှည်" (အိပ်မက်လမ်းမှအပြန်)
- တက္ကသိုလ်ရာပြည့် ဂုဏ်ပြု Logo (100) + တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- တက္ကသိုလ်ရာပြည့် ဂုဏ်ပြု ရုပ်ရှင် ဆေးရောင်စုံရုပ်ရှင် "ပြုံမှာလေလားမိုးရဲ့" (ကောလိပ်ဂျင်နေဝင်း၊ မောင်ရှုပ၊ ချိုပြုံး) (ဒါရိုက်တာ-မောင်ဝဏ္ဏ)

# ဖားကန့်နှင့် ရှာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက် ညပိုင်းတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိပ်မူ-ဝေခါ သွားလမ်းတွင် မဥမ္မာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖားကန့်မြို့နယ် စပေါ့ကျေးရွာ ဥရုချောင်းတံတားထိပ်တွင် ဇော်တူးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ည ၉ နာရီခွဲတွင် ၎င်းနေထိုင်သည့် စပေါ့ကျေးရွာ အမှတ် (၁/၃၂)နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ **(ယာပုံ)**

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ယုံတောင်-ဆင်နက်ချောင်ကျေးရွာကြား ရှာငံ-ကျောက်ဆည် သွားကားလမ်း မိုင်တိုင်အမှတ်(၃၈/၂) အနီးရှိ ချုံတောအတွင်း၌ ဆိုင်ကယ်တစ်စီး ရပ်တန့်ထားသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရာ ဘိန်းစိမ်း ၁၃ ဒသမ ၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နေအိမ်မှ ထွက်ပြေးလာသော အရွယ်မရောက်သေးသည့် အမျိုးသမီးငယ် သုံးဦးအား မိဘများထံ ပြန်လည်အပ်နှံ

**မန္တလေး ဇန်နဝါရီ ၆**

ပဲခူးမြို့မှ မန္တလေးမြို့သို့ အလုပ်လုပ်ကိုင်ရန် မိဘများ မသိအောင် ထွက်ပြေးလာသော အရွယ်မရောက်သေးသည့် ကိုးတန်းကျောင်းသူ သုံးဦးကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့က ထိန်းသိမ်းထားရှိပြီး ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းသူ သုံးဦးသည် ဇန်နဝါရီ ၃ ရက် ညနေပိုင်း ကျောင်းဆင်းချိန်တွင် အလုပ်လုပ်ကိုင်ရန်အတွက် မန္တလေးမြို့သို့ လာရန် ပဲခူးမြို့မှ ရန်ကုန်သို့ လိုင်းကားဖြင့် လိုက်ပါလာခဲ့သည်။ ဆက်လက်၍ ရန်ကုန်မြို့မှတစ်ဆင့် ဇန်နဝါရီ ၅ ရက်က မန္တလေးမြို့သို့ ရောက်ရှိပြီး နီးစပ်ရာ ရပ်ကွက်အတွင်း အိမ်ငှားနေထိုင်ကာ အလုပ်လုပ်ကိုင်ရန် စုံစမ်းနေစဉ် သီရိဟေမာအရှေ့ရပ်ကွက် ၂၆ × ၂၇ လမ်းကြား၊ ၈၇ × ၈၈ လမ်းကြား ရပ်ကွက်အတွင်း တွေ့ရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းလင်းထံ အကြောင်းကြားသဖြင့် ဦးစန်းလင်းမှတစ်ဆင့် အမျိုးသမီးငယ်များကို စစ်ဆေး မေးမြန်းကာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မိဘများထံ အကြောင်းကြား၍ ၎င်းတို့ သုံးဦးကို ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးတွင် ထိန်းသိမ်းထားရှိခဲ့ကြောင်း သိရသည်။

ထို့နောက် အမျိုးသမီးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်ယဉ်နွယ်၊ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်အိုက်လုံကျင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းလင်းတို့က လူကုန်ကူးမှုများအကြောင်း အသိပညာပေးပြောကြားကာ အမျိုးသမီးငယ် သုံးဦး၏ မိဘများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ကျောက်တံခါးမြို့နယ်မှ တရားမဝင်ကျွန်းသစ်ခွဲသား သုံးတန်ကျော် ဖမ်းဆီးရမိ

**ကျောက်တံခါး ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းနှင့် သစ်တောဝန်ထမ်းများ၊ ဖဒိုနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖဒိုမြို့ အမှတ်(၅)ရပ်ကွက် ပြည်တော်သာလမ်း ဖဒိုမြို့ ဈေးအနီးတွင် နံပါတ်ပြားမပါ ခြောက်ဘီးယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ ပိတ်ဆို့ ဖမ်းဆီးခဲ့သည်။ ထိုသို့ ဖမ်းဆီးစဉ် အဆိုပါယာဉ်မှာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ အမြန်လမ်းအတိုင်း ဦးတည်မောင်းနှင် ထွက်ပြေးခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့က အုန်းရှစ်ကုန်း အမြန်လမ်းရဲစခန်းမှူး အဖွဲ့နှင့် ချိတ်ဆက်ကာ ပိတ်ဆို့မှုများ ပြုလုပ်၍ အဆိုပါ ယာဉ်နောက်သို့ လိုက်လံဖမ်းဆီးရာ ၎င်းယာဉ်မှာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ပြန်လှည့်မောင်းပြေးကာ အမြန်လမ်း မိုင်တိုင်အမှတ် ၇၇/၁ နှင့် ၂ အကြား လမ်းဘေး၌ ကျွန်းသစ်ခွဲသားများအား ချထားခဲ့ပြီး ယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ဖမ်းဆီးရမိသည့် သစ်များအား စစ်ဆေးခဲ့ရာ ကျွန်းသစ်ခွဲသား ဆိုက်စုံ ၇၈ ချောင်း (၃ ဒသမ ၃၁၂၀ တန်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ခင်ကို(ကျောက်တံခါး)**



# ရွှေဘိုမြို့၌ ၁၂ ဘီးယာဉ်နောက်ဆုတ်စဉ် ယာဉ်နောက်လိုက်ကိုတိုက်မိ၍ သေဆုံး

**ရွှေဘို ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် ဇန်နဝါရီ ၅ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်က ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် စက်မှုဇုန်ရှိဆန်စက်ဝင်း အတွင်း ယာဉ်မောင်း ဘိုဘိုထွန်း (၂၅ နှစ်) မောင်းနှင်သော ၁၂ ဘီးယာဉ်သည် ဖွဲနုအိတ်များချရန်အတွက် နောက်ဆုတ်စဉ် ယာဉ်နောက်လိုက် ဇင်မျိုးဦး (၂၃ နှစ်) ကို ယာဉ်နှင့် ဖွဲနုအိတ်ပုံကြား ညှပ်မိကာ တိုက်မိသောကြောင့် ဒဏ်ရာရရှိသဖြင့် ရွှေဘိုဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ည ၉ နာရီခန့်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဘိုဘိုထွန်း (၂၅ နှစ်)ကို ရွှေဘိုမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# စစ်ကိုင်းမြို့တွင် ယာဉ်နှစ်စီးတိုက်မိကာ တစ်ဦးသေဆုံး

**စစ်ကိုင်း ဇန်နဝါရီ ၆**

စစ်ကိုင်းမြို့ မန္တလေး- မုံရွာ-ရွှေဘိုကားလမ်း ပြူကန်ရပ်ကွက် မိုင်တိုင်အမှတ် ၁၅/၃ အနီးတွင် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီခွဲခန့်က စစ်ကိုင်းမြို့မှ မုံရွာသို့ ဦးမြင့်လွင်ဦး မောင်းနှင်လာသော ၁၂ ဘီးယာဉ်သည် စစ်ကိုင်းဘက်သို့ ပြန်လှည့်စဉ် ပခုက္ကူမြို့နေ ယာဉ်မောင်း ဦးကျော်မျိုးခိုင် မောင်းနှင်လာသော ခရီးသည်တင် ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ၁၂ ဘီးယာဉ်၏ နောက်ပိုင်းသို့ တိုက်မိကာ ရန်အောင်မင်္ဂလာကျောင်းတိုက် အုတ်တံတိုင်းသို့ ဝင်ရောက်တိုက်မိသဖြင့် ယာဉ်မောင်း ဦးကျော်မျိုးခိုင်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ကား၏ရှေ့ခေါင်းခန်းတွင် ညှပ်နေသည့် ယာဉ်မောင်း (သေဆုံး)နှင့် ယာဉ်မောင်းထိုင်ခုံနောက်တွင် ညှပ်နေသော မအိမ့်နွန်သိန်းနှင့် အခြား တစ်ဦးကို စစ်ကိုင်းခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့၊ ခရိုင်/မြို့နယ် ကြက်ခြေနီတပ်ဖွဲ့၊ အိုးဘို Rescue ၊ ပညာမောင်ဖောင်ဒေးရှင်းတို့နှင့်အတူ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)တို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက ကယ်ထုတ်ခဲ့ရကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ၁၂ ဘီးယာဉ်မောင်း မြင့်လွင်ဦးနှင့် ခရီးသည်တင်ယာဉ်မောင်း ကျော်မျိုးခိုင်တို့ကို စစ်ကိုင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခိုင်ဇေယျ**

# မယ်စဲ့မြို့နယ်တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**မယ်စဲ့ ဇန်နဝါရီ ၆**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းသန်းညွန့်နှင့် ဝန်ထမ်းများ၊ မယ်ဆည်နမ်ရဲကင်းစခန်းမှ ရဲတပ်သားမိုးဟိန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခန့်က မယ်ဆည်နမ်ကျေးရွာ ရှစ်မိုင်ခန့်အကွာ သံလွင်မြစ်အရှေ့ဘက်ခြမ်း(၂) ကြိုးပြင်ကာကွယ်တော အကွက်အမှတ်(၃၄၀)အတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင် ပိတောက်သစ်လုံး ၁၁ လုံး (၂ ဒသမ ၈၁၆ တန်)နှင့် ပိတောက်ခွဲသားဆိုက်စုံ ၉၆ ချောင်း (၀ ဒသမ ၃၇၆၆ တန်) တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသော တရားမဝင်သစ်များအား နမ့်ပိန်းလင် ယာယီပျိုးဥယျာဉ်တွင် ထိန်းသိမ်းထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဝက်လက်မြို့နယ်၌ ဖရဲသီးတင် ၁၂ ဘီးယာဉ် တစ်စီး ချောက်ထဲထိုးကျ

**ဝက်လက် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဝက်လက်- ရှိမ္မကားသွားကားလမ်း၌ ဇန်နဝါရီ ၅ ရက် ညနေ ၃ နာရီ ၁၀ မိနစ်က ဝက်လက်-ရှိမ္မကားသွားကားလမ်း ဝက်လက်ရွဲတံတားအနီးတွင် တောင်မှမြောက်သို့ နမ္မတူးမြို့နယ် မင်္ဂလာကွေ့ရပ် ဘော်တွင်းကျေးရွာနေ ယာဉ်မောင်း သူရိန်ဝင်း (၂၂နှစ်) မောင်းနှင်လာသည့် ဖရဲသီးများ တင်ဆောင်လာသော ၁၂ ဘီးယာဉ်သည် သစ်သားတံတား၏ အရှေ့ဘက် လမ်းလွှဲမြေသားလမ်းပေါ်တွင် ကွေ့စဉ် မြေသားပျော့အိနိမ့်ကျ၍ ယာဉ်၏ ယာဘက်ခြမ်းသည် လမ်းဘေးချောက်ထဲသို့ ထိုးကျသွားခဲ့ရာ ယာဉ်ပေါ်ပါလူများ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသူရိန်ဝင်း (၂၂ နှစ်)ကို ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# နစ်ဆန်းကုမ္ပဏီဥက္ကဋ္ဌဟောင်းထွက်ပြေးပုံအသေးစိတ်ကို လုံခြုံရေးကင်မရာများတွင် တွေ့မြင်ရ

**တိုကျို ဇန်နဝါရီ ၆**

နစ်ဆန်းကုမ္ပဏီ ဥက္ကဋ္ဌဟောင်း ကားလို့စ်ဂွင်း ဂျပန်နိုင်ငံ အနောက်ပိုင်းလေဆိပ်မှ ပုဂ္ဂလိကဂျက်လေယာဉ်ဖြင့် ထွက်ပြေးမသွားမီ တိုကျိုမြို့မှ မည်သို့မည်ပုံထွက်ခွာခဲ့သည်ကို လုံခြုံရေးကင်မရာများတွင် သက်သေအထောက်အထားများ တွေ့ရကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနတွင် ဖော်ပြထားသည်။

မစ္စတာကားလို့စ်သည် ဒီဇင်ဘာ ၃၀ ရက်နေ့တွင် တူရကီနိုင်ငံမှတစ်ဆင့် လက်ဘနွန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ မစ္စတာကားလို့စ် အာမခံဖြင့် အပြင်တွင် နေထိုင်နေခြင်းဖြစ်ပြီး ဂျပန်နိုင်ငံမှ ထွက်ခွာသွားခွင့်မရှိပေ။ ၎င်းသည် ဒီဇင်ဘာ ၂၉ ရက် ညနေ ၂ နာရီခွဲတွင် တိုကျိုရှိ ၎င်း၏ နေအိမ်မှ ထွက်ခွာခဲ့ပြီးနောက် လူနှစ်ဦးနှင့် မီတာ ၈၀၀ ခန့်အကွာရှိ ဟိုတယ်တစ်ခုတွင် တွေ့ဆုံခဲ့ကြောင်း၊ အဆိုပါ လူနှစ်ဦးမှာ အမေရိကန်နိုင်ငံသားများဟု ယူဆရကြောင်း စုံစမ်းစစ်ဆေးရေး သတင်းအရင်းအမြစ်များက ပြောသည်။ ၎င်းတို့သုံးဦးသည် ရှင်ကန်ဆန်ကျည်ဆန်ရထားဖြင့် တိုကျိုမြို့ ရှင်နာဂါဝါဘူတာရုံမှ ထွက်ခွာခဲ့ကြပြီး ရှင်အိုဆာကာဘူတာသို့ ည ၇ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။ ထို့နောက် ၎င်းတို့သုံးဦးသည် ကန်ဆိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး ဈေးကြီးသည့် ဟိုတယ်တွင် တည်းခိုခဲ့ကြသည်။ နှစ်နာရီအကြာတွင် ကားလို့စ်နှင့် အတူပါလာသည့် နှစ်ဦးသည် ဟိုတယ်အတွင်းမှ ကြီးမားသည့် ကုန်သေတ္တာကြီးနှစ်လုံးနှင့် ထွက်ခွာသွားခဲ့ကြသည်။ မည်သည့်လုံခြုံရေးကင်မရာတွင်မှ ကားလို့စ်ဂွင်းကို မတွေ့ရပေ။ လေဆိပ်သို့ ည ၁၀ နာရီခွဲတွင် ရောက်ရှိခဲ့ကြပြီး အဆိုပါလေယာဉ်သည် ည ၁၁ နာရီ ၁၀ မိနစ်တွင် ပျံသန်းခဲ့သည်။ ယင်းလူနှစ်ဦး သယ်ဆောင်လာခဲ့သည့် ကုန်သေတ္တာကြီးနှစ်လုံးမှာ ဂီတပစ္စည်းများ သယ်ဆောင် လာသည်ဟု ပြောကြားခဲ့ပြီး X-ray ဖြတ်ခြင်းမလုပ်ခဲ့ဟုလည်း သတင်းရင်းမြစ်များက ပြောသည်။ တိုကျိုရှိ အစိုးရရှေ့နေများနှင့် ရဲများက မစ္စတာကားလို့စ်ဂွင်းမှာ အဆိုပါ ကုန်သေတ္တာကြီးအတွင်း လိုက်ပါသွားခဲ့သည်ဟု ယူဆကြသည်။

**အင်န်အိတ်ချ်ကေ**



နစ်ဆန်းကုမ္ပဏီ ဥက္ကဋ္ဌဟောင်း ကားလို့စ်ဂွင်း

# အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများလျော့ကျစေရေး ကြိုးပမ်းကြရန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး တိုက်တွန်း

**တိုကျို ဇန်နဝါရီ ၆**

အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုအခြေအနေများ လျော့ချနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးက



သံတမန်ရေးအရ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး (ဝဲပုံ) က စေ့ဆော် တိုက်တွန်းမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဇန်နဝါရီ ၆ ရက်တွင် နှစ်သစ်ကူး သတင်းစာရှင်းလင်းပွဲ တစ်ရပ် ကျင်းပခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများ မြင့်တက်လာမည့်အခြေအနေအပေါ် လွန်စွာစိုးရိမ်ပူပန်မိကြောင်းနှင့် တင်းမာမှုအခြေအနေများ ယခုထက် ပိုမိုဆိုးရွားမလာစေရေး သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးက သံတမန်ရေးအရ ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းမည်ဖြစ်ကြောင်း မစ္စတာအာဘေးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက ဂျပန်သို့ အီရန်သမ္မတ ဟက်ဆန်ရိုဟာနီ အလည်အပတ်ရောက်ရှိခဲ့မှုကိုလည်း မစ္စတာအာဘေးက ပြန်လည်ပြောဆိုခဲ့ပြီး တိုကျိုအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းစေရေး အထောက်အကူဖြစ်စေမည့် သံတမန်ရေးကြိုးပမ်းမှုအနေဖြင့် စေ့စပ်ညှိနှိုင်းမှု ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံ၏ စွမ်းအင်အရင်းအမြစ်အများစုအတွက် အရှေ့အလယ်ပိုင်းဒေသကို မှီခိုအားထားနေရကြောင်း သိရသည်။

ဝန်ကြီးချုပ် မစ္စတာအာဘေးက ဂျပန်နိုင်ငံနှင့် ချိတ်ဆက်နေသည့် သင်္ဘောများ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ ဘေးကင်းစွာ ရေကြောင်းသွားလာမှု ပြုလုပ်နိုင်ရေး ခိုင်မာသေချာစေရန်အတွက် ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့များကို သတင်းအချက်အလက်စုဆောင်းရန် အရှေ့အလယ်ပိုင်းသို့ စေလွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နျူကလီးယားစာချုပ် အဆုံးသတ်ရေး နောက်ဆုံးအဆင့်ကို အီရန် လုပ်ဆောင်လျက်ရှိ



အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီကို နျူကလီးယားတိုးတက်မှုအခြေအနေ ရှင်းပြနေစဉ်။

**တီဟီရန် ဇန်နဝါရီ ၆**

အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ်ပါ ကတိကဝတ်များကို အဆုံးသတ်နိုင်ရေး နောက်ဆုံးအဆင့် ဆောင်ရွက်မှုများကို ပြုလုပ်နေပြီဟု ဇန်နဝါရီ ၅ ရက်တွင် ကြေညာခဲ့သည်။

နျူကလီးယားစာချုပ်ပါ ကတိကဝတ်များမှ နုတ်ထွက်ရန် နောက်ဆုံးအဆင့်ဖြစ်သည့် နျူကလီးယားစာချုပ်ပါ အဓိကကန့်သတ်ချက်ကို အီရန်နိုင်ငံက လိုက်နာတော့မည်မဟုတ်ဟု အိုင်အာအင်န်အေ သတင်းအေဂျင်စီက ထုတ်ပြန်ကြေညာခဲ့သည်။ ယခုအခါ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ၎င်း၏ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ်မူတည်ပြီး အဆင့်မြှင့်တင်သွားမည်ဟုလည်း ကြေညာခဲ့သည်။

၂၀၁၈ ခုနှစ် မေလတွင် အီရန်နျူကလီးယားစာချုပ်မှ အမေရိကန် နုတ်ထွက်သွားပြီးနောက် အီရန်နိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့် ရေနံတင်ပို့မှုများတွင် ဥရောပမှ အနည်းငယ်သာ ကူညီပေးနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ် မေလမှစတင်ကာ အီရန်သည် နျူကလီးယားစာချုပ်ပါ ကတိကဝတ်များကို စွန့်လွှတ်မှု စတင်ပြုလုပ်ခဲ့သည်။

အီရန်မှ ကတိကဝတ်များကို စွန့်လွှတ်လိုက်ခြင်းမှာ နျူကလီးယားစာချုပ်ပါ နိုင်ငံများအနေဖြင့် အီရန်နိုင်ငံ၏စီးပွားရေးကို အကူအညီပေးရန်အတွက် သတိပေးလိုက်ခြင်းဖြစ်ကြောင်း အီရန်ဘက်မှ ပြောကြားခဲ့သည်။ အီရန်အပေါ် ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးပြီး နျူကလီးယားသဘောတူစာချုပ်အောက်ရှိ အီရန်နိုင်ငံ၏ စီးပွားရေးအကျိုးစီးပွားကို အကာအကွယ် ပေးပါက နျူကလီးယားစာချုပ်အတိုင်း ပြန်လည် လိုက်နာမည်ဟုလည်း အီရန်အစိုးရက ပြောသည်။ **ဆင်ဟွာ**

# အမေရိကန်တပ်ဖွဲ့ဝင်များကို နှင်ထုတ်လျှင် အီရတ်ကို ပိတ်ဆို့မှုပြုလုပ်မည်ဟု ထရမ့်ခြိမ်းခြောက်

**ဝါရှင်တန် ဇန်နဝါရီ ၆**

အီရတ်နိုင်ငံအတွင်း၌ ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို နိုင်ငံအတွင်းမှ ထွက်သွားကြရန် ပါလီမန်လွှတ်တော်က တိုက်တွန်းခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏တပ်ဖွဲ့ဝင်များကို နှင်ထုတ်လျှင် အီရတ်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ပြင်းပြင်းထန်ထန်လုပ်ဆောင်မည်ဟု ခြိမ်းခြောက်လိုက်ကြောင်း သိရသည်။

**ကုန်ကျစရိတ်ကြီးမား**

သမ္မတထရမ့်က အမေရိကန်က အီရတ်၌ထားရှိသည့် လေတပ်အခြေစိုက်စခန်းတစ်ခုသည် သာမန်မဟုတ်ဘဲ အလွန့်အလွန် ကုန်ကျစရိတ်ကြီးမားသည့် အခြေစိုက်စခန်းတစ်ခုဖြစ်သည်ဟု ဆိုသည်။ အဆိုပါ လေတပ်အခြေစိုက်စခန်း ဆောက်လုပ်ရန် ငွေကြေး ဒေါ်လာဘီလီယံပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ခဲ့ရသည်ဖြစ်ရာ ယင်းကုန်ကျစရိတ်ကို ပြန်ပေးမှသာ တပ်ဖွဲ့ဝင်များကို အီရတ်မှ ထွက်ခွာစေမည်ဖြစ်ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**တင်းမာမှုများမြင့်တက်**

ပြီးခဲ့သည့် ရက်သတ္တပတ်က ဘဂ္ဂဒက်၌ အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ လုပ်ကြံခံခဲ့ရပြီးနောက် အီရန်က ယင်းကိစ္စအတွက် လက်တုံ့ပြန်မည်ဟုပြောဆိုခဲ့ပြီး တင်းမာမှုအခြေအနေများ မြင့်တက်လျက်ရှိသည်။ အကယ်၍ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်က သူစိမ်းဆန်စွာ နိုင်ငံအတွင်းမှ နှင်ထုတ်ရန် တိုက်တွန်းခဲ့လျှင် အီရတ်နိုင်ငံကို တစ်ကြိမ်တစ်ခါမှ တွေ့ကြုံခဲ့ဖူးခြင်းမရှိသည့် ပိတ်ဆို့မှုမျိုး ပြုလုပ်ခြင်းဖြင့် အရေးယူမည်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားလိုက်သည်။

အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွများကို ချေမှုန်းရန် နိုင်ငံတကာ မဟာမိတ်အဖွဲ့၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၅၀၀၀ ခန့်ကို အီရတ်၌ ချထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ထိုင်းနိုင်ငံ၌ မိုးခေါင်ရေရှားမှုကို ရင်ဆိုင်နေရ

**ဗန်ကောက် ဇန်နဝါရီ ၆**

ထိုင်းနိုင်ငံ၌ ဆယ်စုနှစ်လေးခုအတွင်း အဆိုးဆုံး မိုးခေါင်ရေရှားမှုကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မိုးရွာသွန်းမှုမရှိခြင်းကြောင့် ဘုံဘိုင်ရေများတွင် ဆားဓာတ် ပါဝင်လာနိုင်သည့်အတွက် သက်ကြီးပုဂ္ဂိုလ်များနှင့် ကျန်းမာရေးချို့တဲ့သူများအနေဖြင့် အဆိုပါရေများကို သောက်သုံးခြင်းမပြုကြရန် အာဏာပိုင်များက အကြံပြုတိုက်တွန်းထားကြောင်း သိရသည်။

ထိုင်းနိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၃၀ ကျော်တို့တွင် မိုးခေါင်ရေရှားမှုဖြစ်ပွားနေပြီး သဘာဝဘေးကာကွယ်တားဆီးရေးဌာန အာဏာပိုင်များက နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့ရှိ ပြည်နယ် ၁၃ ခုတို့တွင် အရေးပေါ်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း မိုးခေါင်ရေရှားသည့် ရာသီချိန်နှင့် ရင်ဆိုင်ရပြီး ယခုနှစ်တွင် မိုးခေါင်ရေရှားမှု ပိုမိုအချိန်ကြာမြင့်နိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အီရတ်မြေပေါ်က အမေရိကန်တပ်တွေရဲ့အနာဂတ်

ချူးစန္ဒီနွေး

**အမေရိကန်နဲ့ အီရန်တို့ရဲ့ဆက်ဆံရေး အဆိုးရွားဆုံးအနေအထားရောက်နေချိန်မှာ အီရတ်မှာရှိတဲ့အမေရိကန် ရေနံလုပ်သားတွေဟာ အီရတ်ကနေ ထွက်ခွာလာခဲ့ကြပါပြီ။ အီရန်စစ်ဗိုလ်ချုပ်ကြီးကို အမေရိကန်ဘက်က သတ်ဖြတ်ပြီးတဲ့နောက်မှာတော့ အီရန်နိုင်ငံအတွင်းမှာ အမေရိကန်ကျဆုံးဖို့ ကြွေးကြော်သံတွေနဲ့ ပြည့်နှက်သွားခဲ့ပါတယ်။ အလားတူပါပဲ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်မှာရှိတဲ့ တက်ဟာရင်ပြင်မှာလည်း ဆန့်ကျင်ဆန္ဒပြမှုတွေပေါ်ထွက်ခဲ့ပါတယ်။ ဆန္ဒပြသူတွေကတော့ အမေရိကန်နဲ့အီရန်တို့ရဲ့ ပဋိပက္ခဟာ အီရတ်မြေပေါ်မှာမဖြစ်ဘဲ တခြားမှာပဲသွားဖြစ်ကြပါဆိုပြီး ကြွေးကြော်ခဲ့ကြပါတယ်။**

### မဲခွဲဆုံးဖြတ်မယ်

အမေရိကန်ရဲ့ ရှင်းလင်းခြင်းကိုခံလိုက်ရတဲ့ အီရန် ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီဆိုတာ အီရတ်နိုင်ငံမှာ အီရန်ရဲ့လွှမ်းမိုးမှုဖြစ်လာစေဖို့ အဓိကလုပ်ဆောင်ပေးခဲ့တဲ့သူလည်းဖြစ်ပါတယ်။ သူဟာ ဘဂ္ဂဒက်မြို့လေဆိပ်အနီးမှာ အမေရိကန်ရဲ့လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့ရပါတယ်။ ဒီသတင်းဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေကို လက်ခံထားတဲ့ အီရတ်အတွက်တော့ လုံးဝအံ့အားသင့်ဖွယ်သတင်းပါပဲ။ အီရတ်ဝန်ကြီးချုပ် အဗ္ဗဒယ်အဗ္ဗဒူ မက်ဒီကတော့ ဒီဖြစ်ရပ်ဟာ အီရတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို တရားလွန်ချိုးဖောက်တာပဲဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ နောက်ပြီး အီရတ်မှာ အမေရိကန်တပ်တွေကို ဆက်လက်ထားမထားဆိုတာကို လွှတ်တော်မှာ မဲခွဲဆုံးဖြတ်မယ်ဆိုပြီး ပြောခဲ့ပါတယ်။

### သံရုံးပိတ်ပစ်ဖို့တောင်းဆို

ဇန်နဝါရီ ၅ ရက်မှာတော့ အီရတ်မြေပေါ်က နိုင်ငံခြားတပ်တွေ ဆက်ထားမထားဆိုတာနဲ့ ပတ်သက်ပြီး လွှတ်တော်မှာမဲခွဲခဲ့ကြပါတယ်။ အီရတ်အရာရှိတွေကတော့ အီရတ်မြေပေါ်က နိုင်ငံခြားတပ်တွေ ဆုတ်ခွာပေးဖို့ နားလည်မှုစာချွန်လွှာ ပြင်ဆင်နေကြပြီလို့ ဝန်ကြီးချုပ်က ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးထံ ဖုန်းဆက်ပြောကြားခဲ့ပါတယ်။ အီရတ်ရဲ့ အချုပ်အခြာအာဏာကိုထိပါးတယ်ဆိုပြီး ဒေါသထွက်နေတဲ့ ဝန်ကြီးချုပ်ကတော့ အမေရိကန်သံရုံး နဲ့ အမေရိကန်စစ်အခြေစိုက်စခန်းတွေကို ပိတ်ပစ်ဖို့အတွက် လွှတ်တော်ကို တောင်းဆိုခဲ့ပါတယ်။

### အမေရိကန်၏လွှမ်းမိုးမှုဆုတ်ယုတ်

အမေရိကန်အရာရှိတွေကတော့ အီရတ်လွှတ်တော်မှာမဲခွဲဆုံးဖြတ်မှုကို ရပ်ဆိုင်းဖို့ အီရတ်ခေါင်းဆောင်တွေကို စည်းရုံးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ မော်ဂန်အော်တာဂတ်စ်ကတော့ အီရတ်နိုင်ငံအနေနဲ့ အမေရိကန်ရဲ့ လုံခြုံရေးနဲ့စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို ပြန်ပြီးစဉ်းစားသင့်တယ်လို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ အီရတ်မြေပေါ်မှာ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀နီးပါးခန့်ရှိပါတယ်။ ဒီတပ်တွေဆက်ပြီးရှိနေသည်ဖြစ်စေ၊ ဆုတ်ခွာသွားသည်ဖြစ်စေ အီရတ်အပေါ်မှာ အမေရိကန်ရဲ့ လွှမ်းမိုးနိုင်မှုဟာ ဆုတ်ယုတ်သွားခဲ့ပါပြီ။

### တစ်ထရီလီယံကျော်ရင်းနှီးခဲ့ရ

အီရတ်ကိုအမေရိကန် ကျူးကျော်မှုပြုခဲ့ပြီး ၁၆ နှစ်ကျော်ကာလအတွင်းမှာ ဖြစ်ပွားခဲ့တဲ့တိုက်ပွဲတွေ ပဋိပက္ခတွေကြောင့် ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ တစ်ထရီလီယံခန့်ရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၅၀၀၀ ရဲ့အသက်တွေ ရင်းခဲ့ရပါတယ်။ ဒါပေမယ့် အီရန်ကတော့ အီရတ်အပေါ် လွှမ်းမိုးနိုင်မှုရှိနေတုန်းပါပဲ။ အီရန်ဗိုလ်ချုပ်ကြီး ဆိုလန်းမန်းနီရဲ့အလောင်းကို အီရန်နိုင်ငံသို့ ပြန်ရောက်ချိန်မှာတော့ ဝမ်းနည်းပူဆွေးနေတဲ့ လူထောင်ပေါင်းများစွာတို့ လာရောက်ကြိုဆိုခဲ့ကြပါတယ်။ ပြီးခဲ့တဲ့အင်္ဂါနေ့မှာတော့ အီရတ်မှာရှိတဲ့ အမေရိကန်သံရုံးကိုတိုက်ခိုက်ဖို့ အီရတ်စစ်သွေးကြွတွေက ကြိုးပမ်းခဲ့ကြပါတယ်။ အဲဒီအချိန်မှာ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ဘေးထွက်နေတာကို တွေ့ရပါတယ်။ ဒီလိုမျိုးဖြစ်အောင်လည်း အီရန်က နောက်ကွယ်ကနေရှိနေခဲ့တယ်လို့ အမေရိကန်က ယူဆခဲ့ပါတယ်။

### သံရုံးတွေကိုအကာအကွယ်ပေးရမယ်

အမေရိကန်သံရုံးကို တိုက်ခိုက်ဖို့လာတဲ့ လူတွေကိုသံရုံးအတွင်းမှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ညလုံးပေါက်ဆိုသလို ခုခံခဲ့ကြပါတယ်။ အီရတ်ဝန်ကြီးချုပ်အနေနဲ့ သံရုံးကိုလာရောက်တိုက်ခိုက်သူတွေကို ထွက်သွားအောင်လုပ်ဖို့ မစွမ်းဘူးဆိုတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမယ့် ၂၄ နာရီအတွင်းမှာတော့ သူဟာ စစ်သွေးကြွခေါင်းဆောင်တွေနဲ့တွေ့ဆုံပြီး အရေးပေါ်အစည်းအဝေးထိုင်ခဲ့ပါတယ်။ အဲဒီနောက် သံရုံးကို တိုက်ခိုက်နေသူတွေ



အီရတ်လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်။

ဆုတ်ခွာဖို့အတွက် တိုက်တွန်းခဲ့တယ်လို့ အစည်းအဝေးကို တက်ရောက်ခဲ့ကြတဲ့ အရာရှိတွေက ပြောပါတယ်။ အီရတ်ဟာ တိုင်းပြည်တစ်ပြည်ဖြစ်တယ်။ တိုင်းပြည်ဖြစ်တာကြောင့် သံရုံးတွေကို အကာအကွယ်ပေးရမယ်လို့ အစည်းအဝေးမှာ ဝန်ကြီးချုပ်က ပြောဆိုခဲ့ပါတယ်။

### အမေရိကန်၏လွှမ်းမိုးမှု ပိုရအောင်လုပ်

အီရန်ဗိုလ်ချုပ်ကြီးကို အမေရိကန်တို့က သတ်ဖြတ်လိုက်ရတဲ့ ရည်ရွယ်ချက်ကတော့ အီရတ်က နိုင်ငံရေးသမားတွေ အီရန်ကိုကြောက်ရွံ့မှု လျော့ပါးလာစေဖို့ရယ်၊ အမေရိကန်ရဲ့လွှမ်းမိုးမှုပိုပြီးရှိလာအောင် အခုလိုလုပ်လိုက်တာပဲဖြစ်တယ်လို့ စီအိုင်အေ အရာရှိဟောင်းတစ်ဦးဖြစ်သူ ကန်နက်အမ်ပေါလက်က ပြောပါတယ်။ အီရတ်မြေပေါ်မှာရှိနေတဲ့ အီရန်တွေခေါင်းဆောင်မဲ့သွားပြီး ကိုယ်ခြေထောက်ပေါ်ကိုယ်ရပ်တဲ့အခါ အခြေအနေတွေယိုင်နဲ့သွားအောင် ပြုလုပ်လိုက်ခြင်းဖြစ်တယ်လို့ သူကဆက်ပြောပါတယ်။ အီရတ်နိုင်ငံနဲ့ ပတ်သက်ပြီးတော့ အမေရိကန်မှာ တိကျတဲ့မူဝါဒမရှိပါဘူး။ အီရန်ကို ထိပ်တိုက်ရင်ဆိုင်နိုင်ဖို့ ခြေကုပ်ယူထားရုံသက်သက်ပဲလို့ သူက ဆက်လက်သုံးသပ်ခဲ့ပါတယ်။

### အမေရိကန်ရဲ့ပါဝင်မှု အဆုံးသတ်သင့်

အီရတ်မြေပေါ်မှာရောက်ရှိနေတဲ့ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ နီးပါးဟာတော့ အိုင်အက်စ်စစ်သွေးကြွတွေကိုတိုက်ထုတ်ဖို့ အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့ရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ရှိနေခဲ့ပါတယ်။ ဇန်နဝါရီ ၅ ရက်နေ့ မဲပေးမှု မတိုင်ခင်အထိ အိုင်အက်စ်တွေကိုတိုက်မယ့် မဟာမိတ်အဖွဲ့ရဲ့ စစ်ဆင်ရေးတွေကို ရပ်နားထားပါတယ်။ နိုင်ငံခြားတပ်တွေ အီရတ်မြေပေါ်ကနေ ထွက်သွားဖို့အရေးကို အီရတ်ဝန်ကြီးချုပ်က လွှတ်တော်မှာတောင်းဆိုပြီးတဲ့နောက်မှာတော့ အီရတ်လွှတ်တော်ကနေ အမိန့်ထွက်လာခဲ့ပါတယ်။ အီရတ်မှာ အိုင်အက်စ်တွေကို တိုက်ထုတ်ဖို့ အပြည်ပြည်ဆိုင်ရာက မဟာမိတ်တပ်တွေထားရှိမှုကို အစိုးရအနေနဲ့ ရုပ်သိမ်းပေးရေး၊ အီရတ်မြေပေါ်မှာ မည်သည့် နိုင်ငံခြားတပ်တွေကိုမှ ဆက်မထားရေး၊ နောက်ပြီးအီရတ်ရဲ့ မြေပြင်၊ ဝေဟင်နဲ့ ရေပြင်ပိုင်နက်တွေကို ဘယ်လိုအကြောင်းပြချက်နဲ့မှ အသုံးပြုခွင့်မပေးရေး တို့ပဲဖြစ်ပါတယ်။ ဒီလိုမျိုးမဲခွဲဆုံးဖြတ်မှုမတိုင်ခင်ကတော့ အီရတ်မြေပေါ်မှာ အမေရိကန်ရဲ့ ပါဝင်ပတ်သက်မှုဟာ အနေးနဲ့အမြန်ဆိုသလို အဆုံးသတ်သင့်ပြီလို့ ပြောကြားခဲ့ပါတယ်။

### ဆက်ဆံရေးပျက်ပြားရ

အခုလက်ရှိအခြေအနေအရတော့ အမေရိကန်နဲ့ အီရတ်တို့ရဲ့ဆက်ဆံရေးဟာ ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးသွားရပြီလို့ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဆိုင်ရာ အကြံပေးဟောင်းတစ်ဦးဖြစ်သူ အီမာစကိုင်းက ပြောပါတယ်။ အမေရိကန်ရဲ့မူဝါဒဟာ အီရတ်နိုင်ငံအတွင်း တည်ငြိမ်ရေးကို ဦးတည်ထားခြင်းမရှိဘဲ အီရန်ကို ထိပ်တိုက်ရင်ဆိုင်ဖို့အတွက်သာ ဦးတည်တာကြောင့် အီရတ်မြေပေါ်မှာ အမေရိကန်တပ်တွေ ဆက်လက်ရှိနေဖို့ကတော့ မလွယ်တော့ပါဘူးလို့ သူကဆက်ပြောပါတယ်။ လွှတ်တော်ရဲ့အဆုံးအဖြတ်က ဘယ်လိုပဲဖြစ်နေပါစေ အီရတ်အစိုးရဟာ အမေရိကန်တပ်တွေကို တကယ်ပဲနှင်ထုတ်လိမ့်မယ်လို့ ယူဆတာကတော့ အနည်းစုပဲရှိပါတယ်။

### မသေချာသေး

အီရတ်ခေါင်းဆောင်အများစုကတော့ နိုင်ငံအတွင်း လုံခြုံရေးအတွက် အမေရိကန်တပ်တွေရှိနေတာပဲ အကျိုးဖြစ်ထွန်းဆဲပဲလို့ ယုံကြည်ကြပါတယ်။ နောက်ပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို လေ့ကျင့်ပေးရာမှာလည်း အမေရိကန်ရဲ့ အကူအညီလိုအပ်နေတုန်းပါပဲ။ နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ အီရန်ရဲ့လွှမ်းမိုးမှုကို လျှော့ချနိုင်တာကလည်း အမေရိကန်တပ်တွေရှိနေမှုဖြစ်မယ်လို့ အီရတ်ခေါင်းဆောင်အချို့က ယူဆကြတုန်းပါပဲ။ ဒါကြောင့် အီရတ်မြေပေါ်က အမေရိကန်တပ်တွေရဲ့အနာဂတ် ဘယ်လိုဖြစ်မလဲဆိုတာကတော့ မသေချာသေးပါဘူး။ **ကိုးကား –နယူးယောက်တိုင်းစ်၊ ဘီဘီစီ၊ စီအင်န်အင်န်**

---

## နိုင်ငံတကာသတင်းတိုထွာ

### အီရန်နှင့်အမေရိကန်တို့ကြား ဖျောင်းဖျပေးရန် ဥရောပကို ချက်ဝန်ကြီးချုပ် တိုက်တွန်း

ပရော့ဂ် ဇန်နဝါရီ ၆

အမေရိကန်နှင့် အီရန်တို့ ကြားအခြေအနေ ပိုမိုမဆိုးရွားစေရေးအတွက် ဥရောပမှ တိုက်တွန်းသင့်သည်ဟု ချက်ဝန်ကြီးချုပ် အန်းဒရက်ဘာဘိစ်ရှ်က ပြောကြားခဲ့သည်။ ချက်သမ္မတ မီလေ့စ်ဇီမန်းနှင့်တွေ့ဆုံပြီးနောက် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတနှင့်တွေ့ဆုံစဉ် နိုင်ငံခြားရေးရာကိစ္စရပ်များကိုတိုင်ပင်ဆွေးနွေးခဲ့ကြောင်း အမေရိကန်နှင့် အီရန်တို့ကြား အခြေအနေ ပိုမိုမဆိုးရွားလာစေရေး ဥရောပအနေဖြင့် ဖျောင်းဖျတိုက်တွန်းသင့်သည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဥရောပတိုက်သားများအနေဖြင့် ယခုအနေအထားတွင် ပိုမိုပါဝင်သင့်ကြောင်းကိုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အီရန်ဗိုလ်ချုပ်ကြီးကို အမေရိကန်ကသတ်ဖြတ်ပြီးနောက် အမေရိကန်နှင့်အီရန်တို့၏ အခြေအနေများ ပိုမိုဆိုးရွားခဲ့ရာ အခြေအနေများဆက်လက်မဆိုးရွားစေရေး ဥရောပအနေဖြင့် ယခုကိစ္စတွင်ပါဝင်သင့်ကြောင်းကို ဇန်နဝါရီ ၅ ရက်တွင် ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒရစ်ကလည်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

### ရှင်ကန်ဆန် ကျည်ဆန်ရထားသစ် တိုကျိုအိုလံပစ်အမီ စတင်ပြေးဆွဲမည်

တိုကျို ဇန်နဝါရီ ၆

တိုကျို အိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများ မစတင်မီ ရှင်ကန်ဆန်ကျည်ဆန်ရထားသစ်ကို တိုကိုင်းဒိုး ရှင်ကန်ဆန်လိုင်း၌ လာမည့် ဇူလိုင် ၁ ရက်မှစတင်ကာ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ဂျပန်မီးရထားကုမ္ပဏီတစ်ခုက ပြောကြားခဲ့သည်။

ရှင်ကန်ဆန် ကျည်ဆန်ရထားများကို ၁၉၆၄ ခုနှစ်တွင် ဂျပန်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အိုလံပစ်နှင့် ပါရာလံပစ်အားကစားပြိုင်ပွဲများ မတိုင်မီ စတင်ပြေးဆွဲခဲ့သည်။ N700s ရှင်ကန်ဆန်ကျည်ဆန်ရထားသစ်သည် Central Japan Railway မီးရထားကုမ္ပဏီက ငါးနှစ်အတွင်း ပထမဆုံး စတင်ပြေးဆွဲမည့် ကျည်ဆန်ရထားအမျိုးအစားသစ်ဖြစ်ကြောင်း အဆိုပါ မီးရထားကုမ္ပဏီက ပြောကြားခဲ့သည်။

ယခုနှစ် နွေရာသီ၌ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲမတိုင်မီ အဆိုပါ ကျည်ဆန်ရထားသစ် ငါးစင်းကို စတင်ပြေးဆွဲရန် စီစဉ်ထားကြောင်း၊ အဆိုပါရထားသစ် အစင်း ၄၀ ကို ၂၀၂၃ ခုနှစ်မတ်လ နောက်ဆုံးထား ပြေးဆွဲနိုင်ရန် ရည်ရွယ်ထားကြောင်း ကုမ္ပဏီက ပြောသည်။ အဆိုပါရထားသစ်များ ပြေးဆွဲချိန်တွင် လက်ရှိ အသုံးပြုနေသည့် အနှစ် ၂၀နီးပါး သက်တမ်းရှိနေပြီဖြစ်သည့် ကျည်ဆန်ရထားများကို အနားပေးတော့မည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# မြန်မာ့အာမခံလုပ်ငန်း၏ မိတ္ထီလာခရိုင်ရုံး အဆောက်အအုံသစ်ဖွင့်လှစ်၍ အာမခံလုပ်ငန်းများတိုးချဲ့ဆောင်ရွက်

**မိတ္ထီလာ ဇန်နဝါရီ ၆**

မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင် ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ဖွင့်လှစ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင် ရုံးအဆောက်အအုံသစ်အား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်နှင့် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန္ဒာဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**တစ်ခုတည်းသောအာမခံလုပ်ငန်းဖြစ်**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင် ရုံးအဆောက်အအုံသစ်ကို ရေရှည်တည်တံ့စေရန် ဝန်ထမ်းများက ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း၊ ရုံးအဆောက်အအုံ သစ်ဆောက်လုပ်ရန် နိုင်ငံတော်မှ ဘတ်ဂျက်ခွင့်ပြုငွေမျာ းချထားပေးခဲ့ပြီး နိုင်ငံတော်၏ ဝင်ငွေများ တိုးတက်ရရှိစေရန်အတွက်လည်း ဝန်ထမ်းများက ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းသည် နိုင်ငံတော်ပိုင်တစ်ခုတည်းသော အာမခံလုပ်ငန်းဖြစ်ပြီး အခြားပုဂ္ဂလိကအာမခံများနည်းတူ ဝန်ဆောင်မှုများကို ဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့အာမခံလုပ်ငန်းမှ လက်ရှိဆောင်ရွက်ပေးနေသော အာမခံလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင် ရုံးအဆောက်အအုံသစ်မှာအလျား ၄၅ ပေ ၊ အနံ ၄၁ ပေ၊ အမြင့် ၂၄ ပေ အာစီ နှစ်ထပ်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၈၆ ဒသမ ၄၁၀ သန်းအနက်မှ ငွေကျပ် ၈၃ ဒသမ ၅ သန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ ( မိတ္ထီလာ)



အာမခံလုပ်ငန်း(မိတ္ထီလာခရိုင်) အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

# ကန့်ဘလူ၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကန့်ဘလူ ဇန်နဝါရီ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ကန့်ဘလူခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ပူးပေါင်း၍ ကလေးစာပေပွဲတော်(ကန့်ဘလူ)ကို ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကန့်ဘလူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်သို့ လာရောက်သည့် ကလေးငယ်များ အသိပညာဗဟုသုတ တိုးပွားစေမည့် အသိပညာပေး ပြခန်းပေါင်း ၁၆ ခန်း ထည့်သွင်းပြသသွားမည်ဖြစ်သည်။ ကလေးစာပေပွဲတော် ကျင်းပမည့်ရက်များတွင် စာပေဟောပြောပွဲနှင့် စာပေစကားဝိုင်း အပြန်အလှန် ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ပွဲတော်အတွင်း စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းကစားနည်းပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တာရာဂိုးသွင်းပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ ကလေးစာပေပွဲတော်သို့ လာရောက်သည့် ပရိသတ်များအားခြင်းအလှခတ်၊ ရုပ်သေးရုပ် အကများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အထက(၁)မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ ဇီးကုန်း၊ ကျွန်းလှ၊ ကန့်ဘလူမြို့များမှ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပွဲတော်လာရောက်သူများကို ဒေသအစားအစာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်းနှင့် ကလေးများအတွက် အသင်းအဖွဲ့စိတ်ဓာတ်နှင့်စုပေါင်းဆောင်ရွက်တတ်စေကာ အသိပညာဗဟုသုတများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# ဂန့်ဂေါ၌ နွေရာသီ ရေရှားပါးမှုမဖြစ်စေရန် စက်ရေတွင်းတူးဖော်ပေး

**ဂန့်ဂေါ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာတောင်ဒေသ ကြက်ရိုးကျေးရွာအုပ်စု လယ်ဓမ္မ ကျေးရွာ၌ လာမည့် နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ မွမ်းမံရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃ ရက်မှ စတင်ဆောင်ရွက်နေကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

လယ်ဓမ္မကျေးရွာ သောက်သုံးရေရရှိရေးလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၇ သိန်းဖြင့် ဆောင်ရွက်ပြီး အနက်ပေ ၅၀၀ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် နှစ်လက်မ PVC ပိုက်လိုင်း ပေ ၅၀၀ သွယ်တန်းခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။



စက်ယန္တရားများဖြင့် စက်ရေတွင်း တူးဖော်နေစဉ်။

လယ်ဓမ္မကျေးရွာသည် ယခင်က ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် စိမ့်စမ်းရေ အရင်းအမြစ်များ ခမ်းခြောက်ခြင်းနှင့် ကျေးရွာတွင်းရှိ လက်တူးတွင်းနှင့် တွင်းတိမ်များမှ ရေလုံလောက်စွာ မရခြင်းတို့ကြောင့် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်ခဲ့ရပြီး ယခုစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၆၇ အိမ်မှ လူဦးရေ ၃၀၀ ကျော်နှင့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများအတွက်ပါ သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားစေမည်ဖြစ်ကြောင်းသိရသည်။

(၁၄၄)

# "ပိုးလမ်းမရုပ်ရှင်ပွဲတော်" တက်ဟုန်းအပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်

**လားရှိုး ဇန်နဝါရီ ၆**

မြန်မာနိုင်ငံ၌နေထိုင်ကြသော ရုပ်ရှင်ပညာရှင်အသင်းများ၊ မီဒီယာအဖွဲ့နှင့်ကုမ္ပဏီများ၊ တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများ၊ လုပ်ငန်းအသင်းအဖွဲ့များ၊ ရုပ်ရှင်ဝါသနာရှင်များအနေဖြင့် တတိယအကြိမ် ပိုးလမ်းမရုပ်ရှင်ပွဲတော် တက်ဟုန်းအပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ မန်စီမြို့၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လက်ရာများကို ဇန်နဝါရီ ၂၈ ရက်အထိ ပေးပို့နိုင်ကြပြီး အဓိကအားဖြင့် အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများ၏ ချစ်ကြည်ရေး၊ လူမှုဆက်ဆံရေးနှင့် ယဉ်ကျေးမှုများကို ဖော်ကျူးထားသော ရုပ်သံအတိုများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး လက်ရာများ၏ ပြသချိန်သည် ၂၅ မိနစ်အတွင်း ဖြစ်ရပါမည်။ ဆုအတွက် တစ်ဦးကိုရွေးချယ်ပြီး တရုတ်ယွမ်ငွေ တစ်သိန်းကျပ် (အခွန်ပါ) ချီးမြှင့်မည်ဖြစ်ပါသည်။

ထို့အပြင် တရုတ်မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဖော်ညွှန်းထားသော ရုပ်သံတိုများ၊ မြန်မာနိုင်ငံ လူမှုဆက်ဆံရေး၊ ဒေသလက္ခဏာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ကျူးထားသော ရုပ်သံတိုတို့ကို ရွေးချယ်မည်ဖြစ်သည်။ အဆိုပါဆုအား ဆုရရှိသူတစ်ဦးရွေးချယ်ပြီး ဆုကြေးငွေ တရုတ်ယွမ်ငွေ တစ်သောင်း(အခွန်ပါ) ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လက်ရာများသည် ပြိုင်ပွဲဝင်သူကိုယ်တိုင် ဖန်တီးထားခြင်းသာဖြစ်ရမည်ဖြစ်ကာ ပြိုင်ပွဲဝင်သူမှ မူပိုင်ခွင့်နှင့်ပတ်သက်ပြီး တာဝန်ယူရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လက်ရာများတွင် နိုင်ငံတော်လျှို့ဝှက်သတင်းများ ပေါက်ကြားစေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေခြင်း၊ သွေးသံရဲရဲရုပ်ပုံများ၊ အကြမ်းဖက်ရုပ်သံများ၊ ညစ်ညမ်းရုပ်ပုံများ၊ အယူသည်းမှုရုပ်သံများ စသည့် အကြောင်းအရာများ မပါဝင်ရပါ။

နိုင်ငံတကာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ ချိုးဖောက်ခြင်း မရှိရပါ။

ပြိုင်ပွဲဝင်များအနေဖြင့် ရုပ်သံများပေးပို့ရာတွင် MOV, H264Video decoding, MPG, MP4, RMVB, AVI များ၏ HD ပုံစံများဖြင့် ရုပ်သံလက်ရာများ၊ ပိုစတာ၊ Publicity ကြော်ငြာများကို USB flash disk, DataCD များဖြင့် အီးမေးလိပ်စာ dehongmyanmar 2013@gmail.com, တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (မန္တလေးရုံး) အမှတ် (ခ-၉/၆၃-၇၀)၊ ၄၃ လမ်း၊ ၆၅ လမ်းနှင့် ၆၆လမ်းကြား မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ဖုန်း ၀၉-၄၂၆၈၀၂၀၂၁ မခင်စန်းယဉ်သို့လည်းကောင်း တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (ရန်ကုန်ရုံး) အမှတ် (၃၃) လောကနတ်အိမ်ရာ ပါရမီလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၈၉၁၅၀၄၁၆၉ သို့လည်း အသေးစိတ်မေးမြန်းစုံစမ်းနိုင်သည်။

အီးမေးလိပ်စာ 3313605524@qq.com သို့လည်းကောင်း၊ Network disk မှတစ်ဆင့် ယှဉ်ပြိုင်ကြမည့် ရုပ်သံလက်ရာ၊ ပိုစတာ၊ Publicity ကြော်ငြာရုပ်သံများကို ပေးပို့ရာတွင် link လိပ်စာနှင့် download password များကို အထက်ပါ အီးမေးလိပ်စာများသို့ ပေးပို့နိုင်မည်ဖြစ်သည်။

ဟန်ငွေး(လားရှိုး)

# ညောင်ရွှေ၌ ယဉ်ကျေးမှုပြတိုက်သို့ ရှေးဟောင်းပစ္စည်းများ လှူဒါန်း

**ညောင်ရွှေ ဇန်နဝါရီ ၆** – ရှမ်းပြည်နယ်အစိုးရအဖွဲ့ ညောင်ရွှေယဉ်ကျေးမှုပြတိုက်သို့ ညောင်ရွှေမြို့ သာစည်ရပ်ကွက်နေ (ဒေါ်လှခင်)၊ ဒေါ်လှငွေး၊ ဒေါ်သန်းငွေး ညီအစ်မများက ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်လက်ထက် ဓာတ်ပုံများနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က ကျင်းပသည်။

ရှမ်းပြည်နယ် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ ထွန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ အလှူရှင် ဒေါ်လှငွေးက လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်၏ ဓာတ်ပုံ၊ ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်၏ အတွင်းဝန် ဦးဘိုးလှိုင်၏ ဓာတ်ပုံ၊ မောက်မယ်စော်ဘွား စဝ်ခွန်လှိုင်နှင့် မဟာဒေဝီ ခင်ခင်ကြည်၏ ဓာတ်ပုံ၊ မဟာဒေဝီ ခင်ခင်ကြည် ဝတ်ဆင်ခဲ့သော ဘော်ကြယ်ခတ်လုံချည်နှင့် သားမွေးခြုံထည်တို့ကို ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ် အင်းသားတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။

နေမျိုးသူရိန်

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်




**မကွေး ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား၂၅ မြို့နယ် အသက်(၂၁ နှစ်) အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မကွေးခရိုင် အားကစားကွင်း၌ ယမန်နေ့က ဗိုလ်လုပွဲအဖြစ် ပေါက်မြို့နယ်အသင်းနှင့် ဆိပ်ဖြူမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ**(ယာပုံ)** ပေါက်မြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တံခွန်စိုက်ဆုဖလား ရရှိကာ ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပသည်။

မြန်မာ့ဘောလုံး အားကစား ကျယ်ပြန့်စွာတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေး၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘောလုံးအားကစားသမားများ အချင်းချင်း သွေးစည်းညီညွတ်မှု စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်သွေးသစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ သက်တန်းအလိုက် အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ ရက်ကစတင်၍ မြို့နယ် ၂၅ မြို့နယ်မှ ဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆုကို ပေါက်မြို့နယ်အသင်း၊ ဒုတိယဆုကို ဆိပ်ဖြူမြို့နယ်၊ တတိယဆုကို မင်းဘူးမြို့နယ်နှင့် ချောက်မြို့နယ်အသင်းတို့က ပူးတွဲရရှိခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား၂၅ မြို့နယ်(၂၁ နှစ်) အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲတွင် ပထမဆု ဆွဲပြား၊ ဆုကလပ်နှင့် ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ဆွဲပြား၊ ဆုကလပ်နှင့် ငွေကျပ် ငါးသိန်း၊ ပူးတွဲတတိယဆုရရှိသောအသင်းများကို ဆွဲပြား၊ ဆုကလပ်နှင့် ငွေကျပ် နှစ်သိန်းခွဲစီနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုနှင့် အတန်းလိုက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို တစ်ဦးလျှင် ဆွဲပြား၊ ဆုကလပ်နှင့် ငွေကျပ် နှစ်သောင်းစီတို့အား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေးနှင့် တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မန္တလေး၌ ကျင်းပမည့်ပွဲများ

**လူသုံးကုန်နှင့် အလှကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်း**

လူသုံးကုန်နှင့်အလှကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ဇန်နဝါရီ ၈ ရက် မှ ၁၄ ရက်အထိ နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သုတေသနနည်းပညာနှင့်စာတမ်းရေးနည်းဆိုင်ရာ ဟောပြော**

သုတေသနနည်းပညာနှင့်စာတမ်းရေးနည်းဆိုင်ရာဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ MCC ခန်းမ၌ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာကျောင်းဆင်း လက်ရာနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်**

ချည်မျှင်နှင့်အထည်အလိပ် ဒီပလိုမာကျောင်းဆင်းလက်ရာနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲနှင့်ဈေးရောင်းပွဲတော်ကို အမရပူရမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသင်တန်းကျောင်း၌ ဇန်နဝါရီ ၁၀ ရက် မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကာ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**လမ်းကြမ်းမောင်း ကား၊ ဆိုင်ကယ်ပြိုင်ပွဲ**

လမ်းကြမ်းမောင်း ကား၊ ဆိုင်ကယ်ပြိုင်ပွဲကို မန္တလေး ဒုဋ္ဌဝတီမြစ်ကမ်း ၁၀ မိုင်ကမ်းခြေ မန်ကျည်းအင်းရွာ၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဆာဟာရ၏ နေ့ရက်များ စာအုပ်မိတ်ဆက်ပွဲ**

စာရေးဆရာမ နိုင်းနိုင်းစနေ ၏ ဆာဟာရ၏နေ့ရက်များ စာအုပ်မိတ်ဆက်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် Ocean Super Center ပရိမိုးရှင်းနေရာ၌ ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဆွေးနွေး

**ကျောက်ဆည် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားစေရေးအတွက် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်နှင့် တာဝန်ရှိသူများသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်သင်ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ခရိုင်ပညာရေးမှူး ဒေါက်တာ ဥမ္မာကြည်က ခရိုင်အတွင်းရှိ ကျောင်းများအားလုံး အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ယမန်နှစ်က အောင်ချက်နည်းပါးခဲ့သည့် ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တာဝန်ခံကျောင်းအုပ်ကြီးများကလည်း ယခုနှစ်တွင် အောင်ချက်မြင့်မားရေး ၎င်းတို့ဆောင်ရွက်ထားရှိသည့် အကြောင်းအရာများကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၅ | ကျပ် | ၉၈၅/၉၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၀ | ကျပ် | ၉၈၅/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၅ | ကျပ် | ၉၃၀/၉၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ | ကျပ် | ၁၀၃၅/၁၀၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၇၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၂ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၅ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၂ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၃၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၈၀၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၅၃၈ | ၁၇၅၃၇၀၀၀ |
| MTSH | ၃၉၀၀ | ၃၈၅၀ | ၄၀၆၇ | ၁၅၆၇၆၁၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၅၁ | ၄၁၈၂၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၇၉၀ | ၁၈၁၇၀၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၃၅၄ | ၁၀၂၆၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင်
အငယ်တန်း သတင်းထောက်များ - တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကနောင်နှင့် မဟာမုနိန်တံကဲတော်

မောင်သာ(ရှေးဟောင်းသုတေသန)

**မြို့နယ်ပေါင်း ၃၃၀ ဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံတွင် မြို့နယ်တစ်ခုချင်းစီ၌ ထူးခြားသော သွင်ပြင်လက္ခဏာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းအထောက်အထားများ၊ ဓလေ့ထုံးတမ်းများ ရှိကြသည်။ ယင်းတို့အနက် ရုပ်ဝတ္ထုပစ္စည်းများအဖြစ် ရှေးဟောင်းအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ ဆင်းတုရုပ်ပွားတော်များ၊ စေတီပုထိုးများကို မြင်တွေ့ကြရပေသည်။**



ပြည်သူအများစုက ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည့် မြန်မာနိုင်ငံတွင် စေတီပုထိုးများနှင့် ဗုဒ္ဓဆင်းတုရုပ်ပွားတော်များကို မြို့နယ်တိုင်းနီးပါးတွင် မြင်တွေ့ကြရပြီး အရွယ်မျိုးစုံ၊ ဟန်မျိုးစုံ ဗုဒ္ဓဆင်းတု ရုပ်ပွားများကို ဗုဒ္ဓဘာသာဝင်များ၏ နေအိမ်တိုင်းနှင့် ဘုရားကျောင်းကန်များတွင် တွေ့မြင်ကြရသည်။

ဗုဒ္ဓဆင်းတုတော်များကို လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုဒ်လေးပါးအနက် ဟန်တစ်မျိုးမျိုးဖြင့် ထုလုပ်ကြပြီး ထိုင်တော်မူနှင့် ရပ်တော်မူရုပ်ပွားတော်အချို့၏ ကျောဘက်တွင် သစ်သားတံကဲ(ပလ္လင်နောက်မှီ)တစ်ခုကို ထားရှိလေ့ရှိသည်။ ကြီးမားသော ဆင်းတုတော်များ၏ တံကဲတော်များကို ကနုတ်ပန်းများ၊ ရုပ်လုံးရုပ်ကြွများဖြင့် ထုလုပ်တန်ဆာဆင်ခဲ့ကြသဖြင့် ပခုက္ကူမြို့ရှိ ရွှေကူတံကဲအပါအဝင် မြန်မာမှုလက်ရာတံကဲများသည် အလွန် ထင်ရှားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့ရှိ မဟာမုနိန်မြတ်စွာဘုရားကြီး၏ တံကဲတော်သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

**သမိုင်းထဲမှမြန်အောင်နှင့် ကနောင်**

မြန်မာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပေါင်းလဆုတ် ၇ ရက်(ခရစ်နှစ် ၁၇၅၅ ခုနှစ် မတ်လ ၄ ရက်)တွင် အလောင်းမင်းတရားဦးအောင်ဇေယျသည် ဧရာဝတီမြစ်ကမ်းပေါ်ရှိ ဂူထွတ်ခေါ်လွန်ဆေးကို အောင်နိုင်ခဲ့ပြီး သစ်မြို့ကိုတည်၍ ရန်အပေါင်းအားလျင်မြန်စွာ အောင်မြင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် မြန်အောင်ဟု အမည်ပေးခဲ့ပြီး ဖောင်တော်ဦးရပ်၌ ရွှေဘုံသာစေတီကို တည်ထားခဲ့ရာ ယနေ့တိုင် ဖူးမြင်နိုင်ကြပေသည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် မြန်အောင်မြို့ကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင်လည်းကောင်း၊ ကနောင်မြို့ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းခဲ့သည်။ လက်ရှိအချိန်တွင် မြန်အောင်မြို့နယ်၌ မြို့နှစ်မြို့၊ ရပ်ကွက် ၁၁ ခု၊ ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် ကျေးရွာ ၅၁၇ ရွာ ပါဝင်သည်။

မြန်အောင်မြို့နယ်သည် အရှေ့မှအနောက်သို့ ၄၇ မိုင်နှင့် တောင်မှမြောက်သို့ ၂၈ မိုင် ရှည်လျား၍ ၆၉၉ ဒသမ ၃၁၄ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြန်အောင်မြို့မှာမူ ၂ ဒသမ ၅၈၂ စတုရန်းမိုင်ကျယ်ဝန်း၍ ကနောင်မြို့သည် ၁ ဒသမ ၃၈ စတုရန်းမိုင် ကျယ်ဝန်းသည်။

ဧရာဝတီမြစ်သည် မြန်အောင်မြို့၏ အရှေ့ဘက်တွင် မြောက်မှတောင်သို့ စီးဆင်းနေကာ ရခိုင်ရိုးမသည် မြန်အောင်မြို့နယ်၏ အနောက်ဘက်တွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၆၇ ပေသာ မြင့်သည့် မြန်အောင်မြို့နယ်သည် တောင်ဘက်တွင် အင်္ဂပူမြို့နယ်နှင့် မြောက်ဘက်တွင် ကြံခင်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိ၍ မိုးရွာသွန်းမှုများပြားသည့် မြန်အောင်မြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကမ်းပြိုမှုများကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည်။

မြို့နယ်လူဦးရေ ၂၅၆၉၂ ဦးအနက် ဗမာလူမျိုးများက ၉၄ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ကာ ကရင်လူမျိုးများလည်း အနည်းငယ် နေထိုင်ကြသည်။ လူဦးရေ အများစုသည် ဗုဒ္ဓဘာသာကိုကိုးကွယ်ကြကာ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း အနည်းငယ်ရှိသည်။

မြန်အောင်မြို့နယ်တွင် အထက်တန်းကျောင်းကိုးကျောင်း၊ အလယ်တန်းကျောင်း ၁၉ ကျောင်း၊ မူလတန်းကျောင်း၂၃၆ ကျောင်း၊ ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာနကိုးခုတို့ကို ဖွင့်လှစ်ထားသည်။

ကနောင်မြို့သည် မြန်အောင်မြို့မှ တောင်ဘက်ယွန်းယွန်းသို့ ဧရာဝတီမြစ်အတိုင်း ခုနစ်မိုင်ကွာဝေး၍ အင်းဝခေတ်တွင် မွန်လူမျိုးများ နေထိုင်ခဲ့သည်။ ကနောင်မြို့အနီး ဧရာဝတီမြစ်အတွင်း၌ အဝ မြောက်တောင်နှင့် အနက်အတောင် ၂၀ ကျော်ရှိသည့် စုပ်ဝဲနှင့် မှုတ်ဝဲကြီးရှိခဲ့ရာ ယင်းဝဲကြီးများကို မွန်ဘာသာဖြင့် ခနောင်းကြီးနှင့် ခနောင်းလေးဟု ခေါ်ဆိုခဲ့ကြသည်။ ခနောင်းကြီးဝဲအနီးရှိ ဆိပ်ကမ်းသည် တစ်စတစ်စနှင့် စည်ပင်ခဲ့ကာ အရောင်းအဝယ် လှေကြီးများ နားခိုသည့်နေရာ ဖြစ်လာခဲ့သည်။

မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်တွင်ထုတ်ပြန်သည့် သာလွန်မင်း အမိန့်တော်ပြန်တမ်းတွင် ခနောင်းမြို့ကို အရပ်လေးမျက်နှာသို့ နှစ်တိုင်စီတိုးချဲ့၍ နယ်လေးရပ် သတ်မှတ်ခဲ့ပြီး ညောင်ရမ်းခေတ် မြန်မာသက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် ခနောင်းကြီးမြို့ဟု သတ်မှတ်ခဲ့သည်။

ခနောင်းသည် ပုသိမ် ၃၂ မြို့တွင် ကျိုက်သဘော အမည်ဖြင့် ပါဝင်ခဲ့ကာ အလောင်းမင်းတရားဂူထွတ်ကို အောင်ခဲ့ပြီးနောက် ခနောင်းကို ဇေယျာကျွန်းဟု အမည်ပေးခဲ့ကြောင်း ကနောင်သမိုင်းမှတ်တမ်းတွင် ဖော်ပြထားသည်။ မာဃပြုစုသည့် ပုသိမ်ရာဇဝင်စာအုပ်အရ ကနောင်သည် ကျိုက်တော်၊ ကျိုက်တောသုံးမြိုင်ဆိုင်နှင့် ကနောင်ဟု အမည်သုံးမျိုးရှိခဲ့သည်။ ဆင်ဖြူရှင်မင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် ခနောင်ကို အသီဝန်မင်းက အုပ်ချုပ်ခဲ့ချိန်တွင် ကနောင်ဟု အမည်တွင်ခဲ့သည်။ အချို့ကလည်း မွန်အမည် ခနောင်းမှ ခနောင်၊ ကနောင်ဟု ပြောင်းလဲခဲ့ကြောင်း ယူဆကြသည်။

ကနောင်မင်းသားသည် ကနောင်မြို့ကို စားခဲ့ရသော်လည်း ကနောင်သို့ မရောက်ရှိခဲ့ကြောင်း ကနောင်သမိုင်းကို ပြုစုခဲ့သူ ဝါဆိုကျောင်းဆရာတော် ဦးစန္ဒောဘာသက မိန့်ကြားခဲ့သည်။ သာယာဝတီမင်းသည် သားတော် မောင်တောင် (နောင်တွင် ကနောင်မင်းသားဖြစ်လာသူ)ကို ငယ်စဉ်ကပင် ကနောင်ကို စားစေခဲ့သည်။ မောင်တောင် အရွယ်ရောက်လာချိန်တွင် ကနောင်သည် အင်္ဂလိပ်လက်အောက်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် ကနောင်သို့ သွားရောက်ခွင့် မရရှိခဲ့ချေ။

ယခုအချိန်တွင် ကနောင်မြို့ကို ရပ်ကွက်ငါးခုဖြင့်ဖွဲ့စည်း ထားကာ တိုက်နယ်ဆေးရုံတစ်ရုံနှင့် အစိုးရအထက်တန်း တစ်ကျောင်းကို ဖွင့်လှစ်ထားပြီး မိသားစု ၈၉၁ စု၊ လူဦးရေ ၃၂၅၉ ဦး နေထိုင်လျက်ရှိသည်။

**မြန်မာ့တံကဲ**

တံကဲသည် သစ်သား(သို့မဟုတ်) အင်္ဂတေကို ခြူးပန်း ခြူးနွယ် ကနုတ်များဖြင့် အလှဆင်ထုလုပ်သည့် မြန်မာ့ရိုးရာ ပန်းပုနှင့် ပန်းတော့ အနုပညာလက်ရာဖြစ်ပြီး မြန်မာအဘိဓာန်က ပလ္လင်နောက်မှီဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

မြန်မာ့ဗိသုကာပညာတွင် စုလစ်မွမ်းချွန်ဟုခေါ်သည့် အပြောက်အမွမ်းများကို သစ်သား၊ ကျောက်၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သတ္တုစသည်တို့ဖြင့် ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံးပုံသဏ္ဌာန်အမျိုးမျိုး ထုလုပ်သကဲ့သို့ ဘီလူးပန်းဆွဲ၊ ဂဠုန်၊ ကိန္နရာ၊ သိကြားမင်း၊ ဥဒေါင်း၊ ဆင်၊ ခြင်္သေ့စသည့် အရုပ်များကိုလည်း ပန်းကနုတ်များဖြင့် လက်ရာမြောက်စွာ ပြုလုပ်ကြသည်။ ယင်းအပြောက်အမွမ်းများအနက် သစ်သားတံကဲအနုလက်ရာများကို မြန်မာနိုင်ငံအနှံ့အပြားရှိ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ တန်ဆောင်း စသည့်သာသနိက အဆောက်အအုံများတွင် တွေ့ရှိနိုင်သည်။

တံကဲကိုပလ္လင်နှင့်တွဲ၍ ပလ္လင်တံကဲဟု ခေါ်ဆိုပြီး မြန်မာအဘိဓာန်က ပလ္လင်ကို မြင့်မြတ်သောပုဂ္ဂိုလ်တို့ ထိုင်ရန်ပြုလုပ်ထားသော ခုံမြင့်ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။ ပလ္လင်တံကဲတွင် ခြင်္သေ့၊ ဆင်ပျို၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ ခြူး၊ ကြာ၊ ဦးဆောက်ပန်းဟူသည့် နေရာ ၁၂ ခုထည့်သွင်းပြုလုပ်၍ အများအားဖြင့် ခြင်္သေ့ရုပ်ကို ပလ္လင်အောက်ခုံနေရာတွင် ထားရှိသည်။

သစ်သားတံကဲများအပြင် ဘုရားစေတီတော်များ၏မုခ်ပေါက်များတွင် အုတ်အင်္ဂတေမုခ်ကပ် တံကဲများကို တွေ့ရှိနိုင်သည်။ မုခ်ဟူသည့် ဝေါဟာရသည် ပါဠိဝေါဟာရ မုခမှဆင်းသက်လာပြီး အပေါက်ဟု အဓိပ္ပာယ်ရှိသည်။ ဘုရားတန်ဆောင်းများ၏ ဝင်ပေါက်အထက်ပိုင်း မုခ်ခုံးနှင့် မုခ်ဝနေရာများတွင် အင်္ဂတေတံကဲများကို တွေ့ရှိ နိုင်သည်။

ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများတွင် မုခ်တံကဲများကို သစ်သားဖြင့် အများဆုံး ပြုလုပ်ကြပြီး ပန်းကနုတ်များတွင် သိကြားမင်း၊ နတ်၊ ကျေး၊ ဒေါင်းအစရှိသည့် ရုပ်တုများကို ထည့်သွင်းထုလုပ်ကြသည်။

ဇာတ်တော်၊ နိပါတ်တော်များထဲမှ ဇာတ်ကွက်များကိုပန်းခက်ပန်းနွယ်များဖြင့် သရုပ်ဖော်ထုလုပ်ထားသည့် ပလ္လင်တံကဲများသည် သစ်သားပြားများကို သုံးထပ်၊ ငါးထပ်၊ ရှစ်ထပ် စသည်ဖြင့်အလွှာများ ပြုလုပ်၍ အနုစိတ်ပုံဖော်သည့် မြန်မာ့လက်မှုအနုလက်ရာများ ဖြစ်ကြသည်။ ယခုအချိန်တွင် ပုဂံ၊ အင်းဝ၊ ညောင်ရမ်းခေတ်လက်ရာ သစ်သားတံကဲများသည် ဆွေးမြည့်ပျက်စီးမှုကြောင့် များစွာမကျန်ရှိတော့ဘဲ ကုန်းဘောင်ခေတ်လက်ရာ သစ်သားတံကဲများကိုသာ အများဆုံး တွေ့ရှိနိုင်ကြပေသည်။

ရုပ်ကြွ၊ ရုပ်ခုံး၊ ရုပ်လုံးများကို ပန်းနွယ်ပန်းခက်များ နှင့်ပေါင်းစပ်ထုလုပ်ထားသည့် သစ်သားတံကဲများသည် ခေတ်ကာလနှင့် နေရာဌာနကိုလိုက်၍ ကွဲပြားခဲ့ကြသည်။ ကုန်းဘောင်ခေတ် မတိုင်မီကပင် သစ်သားနှင့် အင်္ဂတေတံကဲများ ထုလုပ်ခဲ့ကြသော်လည်း ကုန်းဘောင်ခေတ် လက်ရာတံကဲများသည် အနုစိတ်လက်ရာပိုမိုများပြားကာ အနုပညာလက်ရာ အပီပြင်ဆုံး ဖြစ်ကြသည်။

**ထင်ပေါ်ကျော်ကြားတံကဲတော်များ**

အလွှာအထပ်များ ပြုလုပ်ကာ ထုလုပ်ခဲ့သည့် တံကဲတော်များအနက် ပခုက္ကူမြို့ရှိ ရွှေကူတံကဲတော်သည် အလွန်ထင်ရှား၍ သီဟိုဠ်ရှင်ဘုရားရှိ အလွန်လက်ရာမြောက်သည့် မူလတံကဲတော်များသည် မီးလောင်ခံခဲ့ရပြီးနောက် ယခုအချိန်တွင် ဓာတ်ပုံကိုသာ မြင်ကြရသည်။

သီဟိုဠ်ရှင်ဘုရားတွင် ၁၉၆၄ ခုနှစ်အထိ တံကဲတော်နှစ်ခုရှိခဲ့ပြီး အရှေ့တံကဲတော်သည် မတ်ရပ်ရုပ်ပွားတော်သုံးဆူ၏ မုခ်အဝင်၌လည်းကောင်း၊ အနောက်တံကဲတော်သည် ရုပ်ပွားတော်သုံးဆူ၏ နောက်ကျောတွင်လည်းကောင်းရှိသည်။ ယင်းတံကဲတော်နှစ်ခုသည် ၁၉၆၄ ခုနှစ် ဧပြီလတွင် သီဟိုဠ်ရှင်ဘုရား ဂန္ဓကုဋိတိုက်၊ တန်ဆောင်းတော်များနှင့်အတူ မီးလောင်ခံခဲ့ရသဖြင့် တံကဲအသစ်ကို ယနေ့ခေတ်လက်ရာဖြင့် ပြန်လည်ပြုလုပ်ခဲ့သည်။

မူလအရှေ့တံကဲတော်ကို ပန်းပုဆရာဦးကံကြီးနှင့် သားဦးတေတို့က မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် ဝါဆိုလပြည့်နေ့တွင် စတင်ထုလုပ်ခဲ့သည်။ တံကဲ အလှူရှင်မှာ ပခုက္ကူမြို့နယ် မဲဇလီပင်ကုန်းရွာမှ ဦးစံနှင့်ဒေါ်ကြူးဖြစ်ပြီး လက်ခငွေကျပ် ၁၀၀၀ ဖြင့် ဦးကံကြီးနှင့် ဦးတေတို့ထံ အပ်နှံခဲ့သည်။

တံကဲလက်ရာရှင်နှစ်ဦးသည် ယမနေသစ်တုံးသုံးတုံးကို ချိတ်ဆက်၍ ပန်းဆိုင်းတစ်ခုအသွင် ထုလုပ်ခဲ့ရာ အချိန်တစ်နှစ်ကြာမြင့်ခဲ့သည်။ တံကဲပေါ်တွင် ဘုရားရှင်ဓမ္မစကြာ ဟောတော်မူခန်းမှ ပရိနိဗ္ဗာန်ပြုခန်းအထိ ဗုဒ္ဓဝင်ဇာတ်ကွက်များကို မင်း၊ မိဖုရား၊ နတ်၊ သိကြား၊ နတ်သားများ အပါအဝင် ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံး ၁၀၀၀ နီးပါးဖြင့် ပုံဖော်ထုလုပ်ခဲ့သည်။

သီဟိုဠ်ရှင် အနောက်တံကဲတော်ကိုလည်း ပန်းပုဆရာဦးကံကြီးနှင့် သားဦးတေတို့ကပင် ထုလုပ်ခဲ့ပြီး အလှူရှင်မှာ ပခုက္ကူမြို့ ပန်းတောရပ် ပိုးတန်းလမ်းမှ ဒေါ်အိမ်မင်း ဖြစ်သည်။ အနောက်တံကဲ ထုလုပ်ခသည် ကျပ် ၃၀၀၀ ဖြစ်ပြီး သုံးနှစ်ကြာ ထုလုပ်ခဲ့ရကာ မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ် တပေါင်းလပြည့်တွင် ပြီးစီးခဲ့သည်။ တံကဲတော်ကို ယမနေသစ်တုံးတစ်တုံးတွင် ပန်းရှစ်ထပ် ပြုလုပ်၍ ဗုဒ္ဓဝင်တောထွက်ခန်းနှင့် ဝိဓူရဇာတ်တော်မှ ဇာတ်ဝင်ခန်း ၂၅ ခန်းကို လက်ဝဲဘက်တွင် ၁၅ ခန်း၊ လက်ယာဘက်တွင် ၁၀ ခန်း ထုလုပ်ခဲ့သည်။

ပခုက္ကူမြို့သို့ ရောက်ရှိလာသည့် ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားကြသည့် ကမ္ဘာကျော်တံကဲတော်ကြီးကို ရွှေကူမြတ်စွာဘုရား၊ ဂန္ဓကုဋိတိုက်အတွင်း အရှေ့ဘက်တွင် မှန်သေတ္တာဖြင့် ထိန်းသိမ်းပြသထားသည်။ ဉာဏ်တော်ငါးပေ နှစ်လက်မမြင့်သော ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်၏ ကျောဘက်ရှိ တံကဲတော်သည် အလျားငါးပေ ၁၀ လက်မ၊ အမြင့် ၁၂ ပေ ၁၀ လက်မနှင့် ထုရှစ်လက်မ ရှိသော ယမနေသားတံကဲကြီး ဖြစ်သည်။ တံကဲတော်ကို အထပ် ရှစ်ထပ်ပြုလုပ်၍ ပန်းပုရုပ် ၁၃၆ ရုပ်နှင့် တိရစ္ဆာန် ၁၈ ရုပ် ထည့်သွင်းထုလုပ်ထားသဖြင့် အလွန်လက်ရာ မြောက်လှပေသည်။

*စာမျက်နှာ ၁၉ သို့*

**"စုလစ်မွမ်းချွန်ဟုခေါ်သည့် အပြောက်အမွမ်းများကို သစ်သား၊ ကျောက်၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သတ္တုစသည်တို့ဖြင့် ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံး ပုံသဏ္ဌာန်အမျိုးမျိုး ထုလုပ်သကဲ့သို့ ဘီလူးပန်းဆွဲ၊ ဂဠုန်၊ ကိန္နရာ၊ သိကြားမင်း၊ ဥဒေါင်း၊ ဆင်၊ ခြင်္သေ့စသည့် အရုပ်များကိုလည်း ပန်းကနုတ်များဖြင့် လက်ရာမြောက်စွာ ပြုလုပ်ကြသည်"**

# ပေါ်ဦးပေါ်ဖျား ပဲစင်းငုံသီးနှံများ အဖွင့်ဈေး ကောင်းမွန်လျက်ရှိ

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း၊ ညောင်ဦးနှင့် နွားထိုးကြီးမြို့နယ်များမှ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ပဲစင်းငုံသီးနှံများ မန္တလေးဈေးကွက်တွင် ယခင်နှစ်ကာလတူရာသီထက် အဖွင့်ဈေး ပိုမိုကောင်းမွန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲစင်းငုံမှာ ယခင်နှစ်ယခုလိုရာသီက မန္တလေးဈေးကွက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် အဖွင့်ဈေးရှိခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ငွေကျပ်ခုနစ်သောင်းနှုန်းပေါက်ဈေးဖြင့် ယခင်နှစ် ကာလတူထက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်နှစ်သောင်းနှုန်း ပိုကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။



ဈေးကွက်အတွင်း ဝင်ရောက်လာသည့် ပဲစင်းငုံများ။

"ဒီနှစ်ထွက်တဲ့ ပဲစင်းငုံက အဖွင့်ဈေးကောင်းပေမယ့် လက်ရှိမှာတော့ ပြည်တွင်းက လှောင်သမားတွေနဲ့ ဝယ်ရောင်းလုပ်တဲ့သူတွေပဲ ဝယ်နေကြသေးတယ်။ ပြည်ပ ဝယ်လက်မရှိသေးဘူး။ ဒီပဲကို အဓိက ဝယ်ယူနေတဲ့ အိန္ဒိယနိုင်ငံက ၂၀၁၉ ခုနှစ် မေလတုန်းက စာချုပ်နဲ့ ဝယ်ယူခဲ့တဲ့ တန်ချိန်တစ်သိန်းခွဲကလည်း ပြည့်သွားပြီဆိုတော့ အဝယ်ရပ်ဆိုင်းနေတယ်။ ဒါကြောင့် အခုလိုရာသီမှာ မတ်ပဲလိုပဲ ပဲစင်းငုံကို စာချုပ်နဲ့ ထပ်တိုးဝယ်ယူမှုတွေရှိလာဖို့ တောင်သူတွေနဲ့ ကုန်သည်တွေ မျှော်လင့်နေကြတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံက ထွက်တဲ့ ပဲစင်းငုံကို ဓာတုကင်းလွတ်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တယ်ဆိုတဲ့ အသိနဲ့ တခြားနိုင်ငံတွေက ထွက်တဲ့ ပဲစင်းငုံထက် ပိုစားသုံးနေကြပြီး နှစ်စဉ်လည်း ဝယ်ယူမှုတွေ ရှိခဲ့တယ်။ ဒါကြောင့် မကြာခင်ကာလမှာ စာချုပ်နဲ့ ဝယ်ယူမှုတွေ ရှိလာလိမ့်မယ်လို့ ထင်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။'

ပဲစင်းငုံသီးနှံကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တံငါချောင်းကမ်းပါးပြို ကာကွယ်ထိန်းသိမ်းရေး မတ္တရာမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်

**မတ္တရာ ဇန်နဝါရီ ၆**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကျောက်စရစ်တောင်ကျေးရွာတွင် ဖြတ်သန်းစီးဆင်းသွားသော တံငါချောင်း (ချောင်းမကြီးချောင်း)ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က အဆိုပါ ကျေးရွာရှိ ချောင်းဘေး၌ ကျင်းပသည်။

ကမ်းပါးပြိုကာကွယ်ရေး သစ်ပင်စိုက်ပျိုးပွဲတွင် ကုက္ကိုလ်ပင် ၃၀၀၊ ပင်လယ်ကဗွီးပင် ၁၀၀၊ ဥနဲ့ပင် ၈၀၊ မည်စည် ၇၀၊ ရေသင်းဝင်ပင် ၈၀ တို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းကျော်နှင့် ဝန်ထမ်းများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ ချောင်းမကြီးချောင်းသည် ဆည်တော်ကြီးဆည်အတွင်းမှ ပိုလျှံရေများကို ထုတ်လွှတ်သော ချောင်းဖြစ်ပြီး နှစ်စဉ်မိုးရာသီကာလရေများချိန်တွင် ကမ်းပါးများပြိုကျမှု ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ရေစကြိုမြို့နယ်ထွက် ကုလားပဲများ မနှစ်ကထက် ဈေးပိုရ

**ရေစကြို ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ထွက် ကုလားပဲများ မနှစ်ကထက် ဈေးပိုရသောကြောင့် ကုလားပဲစိုက်တောင်သူများ တွက်ခြေကိုက်နေကြကြောင်း သိရသည်။

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကျွန်းတောင်သူများသည် မြစ်ရေကျချိန်တွင် ကုလားပဲအမြောက်အမြား စိုက်ပျိုးကြပြီး ဧရာဝတီမြစ်ရေ တက်ပြီးချိန်နှင့် ချင်းတွင်းမြစ်ရေ တက်ပြီးချိန်များတွင် ကုလားပဲများ ထပ်ပံစိုက်ပျိုးကြသည်။ တစ်မျိုးတည်း သီးသန့်စိုက်ပျိုးမှု မရှိကြဘဲ နေကြာနှင့်သော်လည်းကောင်း၊ ပဲအမျိုးမျိုးနှင့် သော်လည်းကောင်း သီးထပ်သီးညှပ် စိုက်ပျိုးကြသည်။ ကုလားပဲထက်စောပေါ်သည့် သီးနှံများဖြင့်သာ တွဲဖက်စိုက်ပျိုးကြကြောင်းနှင့် မြစ်ရေကျချိန် စိုက်ပျိုးသည့်အတွက် စိုက်ပျိုးသည့် သီးနှံနှစ်မျိုးလုံး အောင်မြင်ဖြစ်ထွန်းကြကြောင်း ရေစကြိုမြို့နယ် ဗလဗကျေးရွာ ကုလားပဲစိုက်တောင်သူ ဦးဖိုးကျော်က ပြောသည်။



နေကြာနှင့် သီးထပ်သီးညှပ်စိုက်ပျိုးထားသည့် ကုလားပဲစိုက်ခင်း။

ရေစကြိုမြို့နယ်တွင် ကုလားပဲစိုက်ပျိုးခြင်းကို ကုန်းခြောက်များတွင်လည်း စိုက်ပျိုးကြကာ မြစ်ရေကျချိန်တွင် အင်းများရေခန်းခြောက်သွားချိန်၊ မြစ်ရေကျချိန်၊ ကျွန်းမြေပေါ်ချိန်များတွင် စိုက်ပျိုးကြပြီး ကုလားပဲပေါ်ချိန်မှာလည်း အချိန်မတူညီဘဲ ပေါ်လေ့ရှိကြောင်း ကုလားပဲစိုက်တောင်သူဦးဇော်ဝင်းက ပြောသည်။

ကုလားပဲစိုက်ပျိုးရာတွင် ကုလားပဲအဖြူလုံးကြီးနှင့် ကုလားပဲအဖြူလုံးသေးနှစ်မျိုး စိုက်ပျိုးကြပြီး ကုလားပဲအဖြူလုံးသေး တစ်တင်းလျှင် ငွေကျပ် ၂၈၀၀၀ ရှိကာ၊ ယခင်နှစ်က ကုလားပဲအဖြူလုံးသေးတစ်တင်းလျှင် ငွေကျပ် ၂၆၀၀၀ ရောင်းချရသည်။ ကုလားပဲအဖြူလုံးကြီး အသစ်တစ်တင်းလျှင် ငွေကျပ် ၂၆၅၀၀ ရရှိကာ ၊ ယခင်နှစ်က ကုလားပဲအဖြူလုံးကြီး အဟောင်းတစ်တင်းလျှင် ငွေကျပ်၂၄၅၀၀ ရှိခဲ့ကြောင်း၊ ကုလားပဲတစ်တင်းလျှင် ၁၉ ပိဿာချိန်ရပြီး ယခင်နှစ်ကထက် ဈေးနှုန်းပိုရပြီး အထွက်နှုန်းလည်း ပိုထွက်နိုင်ကြောင်း ကုလားပဲစိုက်တောင်သူများက ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

# ကောလင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသဖြင့် ပန်းဂေါ်ဖီဈေးနှုန်း အဆမတန်ကျဆင်း

**ကောလင်း ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ပန်းဂေါ်ဖီဈေးနှုန်း ယခင်က တစ်ပွင့်လျှင် ငွေကျပ် ၈၀၀ ဖြင့် ရောင်းချရသော်လည်း မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ငွေကျပ် ၂၀၀ အထိ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။

"ပန်းဂေါ်ဖီကို အပင် ၁၂၀၀၀ စိုက်ပျိုးထားပါတယ်။ မိုးမရွာခင် အပင် ၁၀၀၀ ဝန်းကျင်မှာ ငွေကျပ် ၈၀၀ ရောင်းချရသော်လည်း ဇန်နဝါရီလဆန်းမှာ မိုးအဆက်မပြတ် ရွာသွန်းတဲ့အတွက် ပန်းဂေါ်ဖီဈေးနှုန်း အဆမတန်ကျဆင်းသွားပါတယ်။ ပန်းဂေါ်ဖီဆိုတော့ ပွင့်ရင် ခုတ်ရောင်းရတဲ့အတွက် စိုက်ခင်းမှာ အရှုံးခံရမှာဖြစ်လို့ ခုတ်ရောင်းရပါတယ်။ မိုးရွာတော့ ဖောက်သည်ကလည်း မဝယ်ပါဘူး။ ကောလင်းဈေးမှာ ထိုင်ရောင်းနေရပြီး တစ်ရက်ကို အပွင့် ၇၀၀ လောက် ရောင်းကုန်ပါတယ်"ဟု ပန်းဂေါ်ဖီစိုက်ပျိုးသူ အုတ်ဖိုကျေးရွာမှ မဖြူက ပြောသည်။

''ဒီနှစ်မှာ ကျွန်တော်တို့ကတော့ ပန်းဂေါ်ဖီအပင် ၆၀၀၀ စိုက်ပျိုးပြီး ဒီတစ်ပင်ဖြစ်ဖို့ ငွေကျပ် ၇၀ လောက် ကုန်ကျပါတယ်။ စစိုက်ကတည်းက အခုအချိန်အထိ သုံးလကြာပါတယ်။ ပေါ်ဦးစ တစ်ထုပ်ကို ငွေကျပ် ၇၅၀ နဲ့ အိမ်အထိ ဖောက်သည်လာယူပါတယ်။ ပန်းဂေါ်ဖီအပင် ၆၀၀၀ စိုက်မှာ အပျက်အစီးနဲ့ဆိုတော့ အပင် ၅၇၀၀ လောက်ရောင်းရပြီး ငွေကျပ် ၁၇ သိန်းဝန်းကျင်ပဲရတယ်။ မိုးကမပြတ်ဘဲ ရွာနေတော့ ပန်းဂေါ်ဖီဈေးနှုန်းကျဆင်းသွားရပါတယ်"ဟု သရက်အိုက်ကျေးရွာနေ ပန်းဂေါ်ဖီစိုက်တောင်သူ ဦးဖိုးတုတ်က ပြောသည်။

ယင်းကျေးရွာများတွင် ပန်းဂေါ်ဖီအပြင်၊ ဂေါ်ဖီထုပ်၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ ငရုတ်သီး၊ ကြက်သွန်၊ ဖရဲ၊ သခွား၊ သစ္စာပန်း၊ ရွှေပဲသီး စသည့်သီးနှံများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၈ မှ*

ရွှေကူတံကဲ၏ လက်ရာရှင်သည် ဦးကံကြီးတို့ သားအဖပင်ဖြစ်ပြီး သက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်နေ့တွင် လက်ခ ငွေဒင်္ဂါးပြား ၄၀၀၀ ဖြင့် လက်ခံကာ ထု ၈ လက်မ၊ ပန်းရှစ်ထပ်တံကဲတော်ကို သစ်တုံးငါးတုံးဖြင့် လေးနှစ်ကျော် ထုလုပ်ခဲ့ရကြောင်း တံကဲတော် အနီးတွင် မှတ်တမ်းစာ ရေးသားထားသည်။

တံကဲအလှူရှင်မှာ ပခုက္ကူမြို့ ဈေးဟောင်းကျောင်း တော်ရာလမ်း တိုက်နံပါတ်(၅၇၅) နေ ဦးဟင်းငါးနှင့် ဇနီးဒေါ်ဇီးဖဲ၊ သမီးမယ်သစ်၊ မယ်မြစ်တို့ ဖြစ်ကြသည်။

ရွှေကူတံကဲတော်၏ ဝဲဘက်ပန်းကနုတ်ပေါ်တွင် ဆြာဦးကံကြီး၊ သားမောင်တေဟုလည်းကောင်းနှင့် ညာဘက်ပန်းကနုတ်ပေါ်တွင် မဆီးဆံ၊ ကိုဟင်းငါး၊ မမယ်သင်ကောင်းမှုဟု လည်းကောင်း ထွင်းထုထားသည်။

ပန်းပုပညာရှင်နှစ်ဦးသည် ရွှေကူတံကဲပေါ်တွင် ဒေဝါ ရောဟဏဇာတ်၊ နေမိဇာတ်၊ သာမိဏဇာတ်နှင့် ဗိမ္ဗိသာရ ဇာတ်များမှ ဇာတ်ဝင်ခန်း ၁၂ ခန်းကို ထွင်းထုခဲ့သည်။

ဦးကံကြီးသည် မိမိ၏ ပညာ၊ စေတနာ၊ သဒ္ဓါ အားလုံးတို့ကို ရွှေကူကြီး တံကဲတော်တွင် မြှုပ်နှံကာ ပညာကုန် ထုလုပ်ခဲ့ပြီးနောက် အသုံးပြုခဲ့သည့် စူး၊ ဆောက်၊ တန်ဆာပလာကိရိယာအားလုံးကို ဧရာဝတီမြစ်ထဲသို့ စွန့်ပစ်ခဲ့သည်ဟု ဆိုကြသည်။

ပခုက္ကူမြို့မှ အရှေ့ဘက်သုံးမိုင်အကွာတွင် တည်ရှိသည့် ရွှေတန့်တစ်ဘုရား၏ ဂန္ဓကုဋိတိုက်တွင် သရက္ခန် ရုပ်ပွားတော်တစ်ဆူကို ဆင် ၁၄ ကောင် ခံထားသည့် ပလ္လင်ပေါ်တွင် ပူဇော်ထားရှိသည်။ ဆင်ခံသရက္ခန်ရုပ်ပွားတော် ခြောက်ဆူအနက် ရွှေတန့်တစ်သရက္ခန်သည် တစ်ဆူအပါအဝင်ဖြစ်ပြီး တံကဲတော်သည် အမြင့် ၁၃ ပေ ၊ ၃ လက်မ၊ အနံ ၁၀ ပေ ရှိသည်။

ရွှေတန့်တစ်တံကဲတော်တွင် ကနုတ်ပန်းနွယ်၊ ကြာနွယ် ကြာရိုးများကို အခွေအလိပ်အတွန့်များဖြင့် အလှဆင်ထားသည်။ တံကဲအလှူရှင်များမှာ ရွှေတန့်တစ်ကျေးရွာမှ ဦးတိုး၊ ဒေါ်အို၊ သား ဦးဖေ၊ ဒေါ်ဘွင့်၊ မြေးကိုငွေဇုံနှင့် မမြတို့ ဖြစ်ကြသည်။ တံကဲတော်ကို ရွှေတန့်တစ်ရွာမှ ဦးချမ်းသာနှင့် ပခုက္ကူမြို့မှ ဆရာအေးတို့က ခရစ်နှစ် ၁၈၉၅ ခုနှစ်မှ ၁၈၉၈ ခုနှစ် အထိသုံးနှစ်၊ နှစ်လနှင့် ၁၀ ရက်ကြာ ထုလုပ်ခဲ့ကြသည်။ ထုလုပ်ခမှာ ငွေဒင်္ဂါး ၁၅၀၀ ကျပ် ဖြစ်သည်။

တံကဲတော်ကို ကျွန်းသစ်နှင့် ယမနေသစ်တုံး ၁၃ လုံးကို ပေါင်းစပ်၍ ဝိဓူရ ဇာတ်တော်လာ ဇာတ်ဝင်ခန်း ၁၃ ခန်းကို ထုလုပ်ထားရာ အချို့နေရာတွင် ပန်းရှစ်ထပ်၊ အချို့ နေရာတွင် ပန်းသုံးထပ်ရှိသည်။

**ကနောင်တံကဲတော်**

ကနောင်မြို့ ရိုက်စုရပ်ကွက် ဘုရားကြီးကျောင်းတိုက်အတွင်းရှိ မဟာလောကမုနိန်ကြေးသွန်းမြတ်စွာ ဘုရားကြီးသည် ဉာဏ်တော် ၉ တောင် ၂ မိုက်ရှိ၍ မြန်မာ သက္ကရာဇ် ၁၂၆၂ ခုနှစ် တန်ခူးလဆုတ် ၃ ရက် (၁၉၀၀ ပြည့် နှစ် ဧပြီလ ၁၆ ရက်) တနင်္လာနေ့တွင် သွန်းလုပ်ပြီးစီးခဲ့ သည်။ ကြေးသွန်းဘုရားကြီး၏ မတည်အလှူရှင်သည် ကနောင်မြို့မြောက်ရပ်မှ ဦးရွှေကျမ်းနှင့် ဒေါ်လုံမတို့ဖြစ်၍ ပြည်မြို့ အင်ကြင်းမြောင်တောရဆရာတော် ဦးအားဘာသက ဦးစီး၍ မန္တလေးမြို့မှ ကြေးသွန်းပညာရှင်များက ဘုရားကြီးကျောင်းတိုက်အတွင်း၌ သွန်းလုပ်ခဲ့ရာ ယခင်က ဘုရားဝင်းအတွင်း၌ ကြေးသွန်းဖိုများနှင့် ကြေးစများ ကျန်ရှိခဲ့သည်။

ကြေးဆင်းတုတော်ကြီးကို ကြေးပိဿာချိန် ၄၀၀၀ ဖြင့် သွန်းလုပ်ခဲ့ရာ တန်ဖိုးငွေဒင်္ဂါး ၆၀၀၀ နှင့် ဘင်ပိဿာ ချိန် ၁၀၀၀၊ တန်ဖိုးငွေဒင်္ဂါးကျပ်၂၀၀၀ ကုန်ကျခဲ့သည်။ ဘုရားကြီး မျက်နှာတော်ကို သွန်းလောင်းချိန်တွင် ရွှေငွေရတနာများကို ထည့်သွင်းခဲ့ပြီး ကြေးသွန်းလုပ်အားခ ကျပ် ၂၂၅၀ ဖြစ်သည်။ ဘုရားကြီးကျောင်းတိုက်အတွင်း သွန်းလုပ်ခဲ့သည့် ဆင်းတုတော်ကြီးကို ပလ္လင်ပေါ်သို့ ပင့်ဆောင်ခကျပ် ၃၀၀ ကျသင့်ခဲ့သဖြင့် စုစုပေါင်းငွေဒင်္ဂါး ၁၀၅၅၀ ကုန်ကျခဲ့ပေသည်။

ယမနေသားဖြင့် ပြုလုပ်ထားသည့် တံကဲတော်ကြီး သည် အမြင့် ၁၈ ပေ ၈ လက်မ၊ အကျယ် ၁၅ ပေ ၃ လက်မနှင့် အထူ ၆ လက်မရှိကာ အထပ်လေးထပ်တွင် ဗုဒ္ဓဝင်ဇာတ်ကွက်များကို ထုလုပ်ထားသည်။ ကနောင်တံကဲတော်ကြီးကို တံကဲလက်မှုပညာရှင် ဦးကံကြီးနှင့် သားဦးတေ တို့က သုံးနှစ်ကြာ ထုလုပ်ခဲ့ကာ လက်ခငွေဒင်္ဂါး ၃၀၀၀ ကျပ် ကုန်ကျခဲ့သည်။ တံကဲတော်၏ အရှေ့ဘက်ခြမ်းတွင် ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ကြာချီလှပ်ခန်းကို ထုလုပ်ထားကာ အနောက်ဘက်ခြမ်းတွင် ဝိဓူရဇာတ်တော်လာ ဇာတ်ကွက်အချို့ကို ထုလုပ်ခဲ့သည်။ တံကဲတော်၏ထိပ်ပိုင်းတွင် မဟာဇနကဇာတ်တော်ကို ထွင်းထုထားသည့် ကနောင်တံကဲတော်သည် အလွန်လက်ရာမြောက်သည့် မြန်မာမှုလက်ရာတစ်ခု ဖြစ်ပေသည်။

သစ်သားတံကဲများသည် သစ်ကိုထုလုပ်ထားသဖြင့် နှစ်ကာလရှည်ကြာစွာ တည်တံ့စေရန် အမိုးအကာအောက်တွင် ထားရှိကြသည်။ သို့သော် ရာသီဥတုအန္တရာယ်၊ အင်းဆက်ပိုးများ၏ အန္တရာယ်နှင့်မီးလောင်ခြင်းစသည့် လူများ၏ ပယောဂအန္တရာယ်များကြောင့် တံကဲတော်များကို အန္တရာယ်မျိုးစုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ကနောင်မြို့ မဟာမုနိန်မြတ်စွာဘုရားကြီး တံကဲတော်အပါအဝင် မြန်မာ့အနုလက်ရာ သစ်သားတံကဲ အမွေအနှစ်များကို နောင်မျိုးဆက်များသို့ လက်ဆင့်ကမ်းနိုင်ကြမည် ဖြစ်ပေသည်။ ။

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)အရ

**ဒေါ်ခင်နှင်းစန်းရီ**

**SME Development Bank - ဥက္ကဋ္ဌ**

**Super One Holdings Co., Ltd. - CFO & Senior MD** အား

**သီရိသုဓမ္မသီဂိဘွဲ့**

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရပါသဖြင့် အထူးပင်လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

နိုင်ငံတော်အကျိုး၊ သာသနာတော် အကျိုးတို့ကို ဆထက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်း

ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Super One Holdings Co., Ltd. , Nation Mart , Bench/ , Fashion Lab

Golden Starch Co., Ltd. , Super One Dragon Co., Ltd.

Soap Factory (Magway) , Corn Starch Factory (Yan Pae) , Sugar Factory (Belin)

**ဝန်ထမ်းမိသားစုများ**



## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် နေ့တွင်

နိုင်ငံတော်သမ္မတ မှ

**ဒေါ်ငယ်ငယ်ထွေး** (ရွှေမန္တလေးအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)**အား**

သုဓမ္မသီဂိဘွဲ့

ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်

အမျိုးဘာသာ၊ သာသနာအကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

ဦးစိုင်းကိုကိုအောင်
ခေတ်သစ်ဦး ထရေးဒင်းလီမိတက်
ရန်ကုန်မြို့

ဦးအောင်ဇော်ဝင်း
မိုးမြင့်အောင်သူ ကုမ္ပဏီလီမိတက်
ရန်ကုန်မြို့

ကမ္ဘောဇဘဏ်လီမိတက်

နာယက

ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူဦးအောင်ကိုဝင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်၊ ၂၀၂၀ ပြည့်နှစ်

ဇန်နဝါရီလ ၄ ရက် နေ့တွင်

နိုင်ငံတော်သမ္မတ မှ

ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့

သရေစည်သူဘွဲ့အား

ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်

အမျိုးဘာသာ၊ သာသနာအကျိုးကို

ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

| | | |
|---|---|---|
| ဦးစိုင်းကိုကိုအောင် | ဦးလှိုင်ဟိန်း | ဦးကျော်သီဟ |
| ခေတ်သစ်ဦး ထရေးဒင်းလီမိတက် | ZBT Co., Ltd. | ရန်ကုန်မြို့ |
| ရန်ကုန်မြို့ | ရန်ကုန်မြို့ | |

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) အရ
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်
**သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ကို
ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော
**ဒေါ်နန်းခင်ညွန့်**
( Director , Fu Xing Brothers Group of Compaines ) အား
အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။
နောင်တွင်လည်း ကိုယ်စိတ်နှစ်ဖြာ သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့်
မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို
ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Fu Xing Brothers Group of Compaines
ဝန်ထမ်းမိသားစုများ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် OK Myanmar Co.,Ltd မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်လှိုင်၏ဇနီး ဒေါ်မိုးမိုးထွေး(ခ)ဒေါ်ကြူကြူမော်အား (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **"သီဟသုဓမ္မသိင်္ဂီ "** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် ညီအစ်ကိုမောင်နှမများက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာ အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါ်မူမူနှင့် သမီး ဒေါက်တာ လွင်မာအောင် မိသားစု**
**ဒုတိယဗိုလ်မှူးကြီး ဇော်ဝိတ်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ရီ မိသားစု**
**ဒေါ်ကြည်ကြည်ဝင်း မိသားစု**
**ဦးဝင်းမြင့်လှိုင်နှင့် ဇနီး ဒေါ်မြတ်နွယ်ချောမိသားစု**
**ဗိုလ်မှူးဇာနည်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မမ မိသားစု**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကျော်မြင့်(ပန်းဆေး)ခိုလုံလီရှော တိုင်းရင်းသားဥက္ကဋ္ဌအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတကြီး၏ သီဟသုဓမ္မဇောတဓရ ဘွဲ့ချီးမြှင့် အပ်နှင်းခံရခြင်းအတွက် အထူး ပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဝင်း - မြင့်သီရိစံ Co.,Ltd.**
**ဦးအောင်ကျော်ထွန်းဦး Golden M.C.S.Co.,Ltd.**
**ဦးဘုန်းသက်အောင်စိုး Main . Win. Travel & Tours.**

## အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် ရွှေသိဒ္ဓိ ကုမ္ပဏီနှင့် Lucky Gold Gems & Jewellery တို့၏ ဥက္ကဋ္ဌ **" ဦးမောင်မောင်ရင်အား"** (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့မင်္ဂလာအခါသမယတွင် **"သီဟသုဓမ္မဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာတော် အကျိုးများအား ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြု အပ်ပါသည်။

**ဒေါက်တာမြင့်ဆွေ-ဒေါက်တာ ဖြူဖြူဝင်း**
**(ရွှေလင်းယုန် မိသားစု)**

ဥတုရာသီ တောကိုမို

**ဖခင် အမည်မှန်**
ပခုက္ကူမြို့နယ်၊ ချောက်ကန်အုပ်စု၊ အနောက်ချောက်ကန်ရွာနေ ဒေါ်ဇာခြည်စန်း ၈/ပခက(နိုင်)၂၁၉၂၀၇၏ ဖခင် ဦးခင်မောင်စန်း၏ အမည်မှန်မှာ ဦးမောင်စန်း ၈/ပခက(နိုင်) ၁၁၉၀၀၆ ဖြစ်ပါကြောင်း။ **ဦးမောင်စန်း**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 71W/4158, Yumde-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေမြင့်ကြည် ၈/ပခက(နိုင်)၂၀၆၆၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

**“မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) နာယက”**

## “ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း”

**အတွက်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၀–ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀) ဖြင့် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များတွင် ပထမဆုံးနှင့်အမြင့်ဆုံးဖြစ်သော **“သရေစည်သူဘွဲ့”** ကို **“KBZ BANK နာယက ဦးအောင်ကိုဝင်း”** အား ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

- ၂၀၁၂ မှ ၂၀၁၉ ခုနှစ်ထိ တစ်နိုင်ငံလုံးတွင် **“ပထမ”** နေရာမှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို (၇)နှစ်ဆက် **“ဝင်ငွေခွန် စုစုပေါင်းကျပ်ငွေ (၁၃၈.၇၅)ဘီလီယံ”** ထမ်းဆောင်ခဲ့ခြင်း၊
- နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး **ကျပ်ငွေစုစုပေါင်း “(၁၅၆)ဘီလီယံကျော်”** လှူဒါန်းခဲ့ခြင်းနှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် ထူးခြားစွာဆောင်ရွက်ခဲ့ခြင်း၊
- နိုင်ငံတော်၏ လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် အဖွဲ့အစည်းများတွင် **“နာယက”** အဖြစ် ခေတ်အဆက်ဆက် လူအား၊ငွေအားဖြင့် ပံ့ပိုးကူညီ ဦးဆောင်ဦးရွက်ပြုလျက်ရှိခြင်း၊
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်း၊
- နိုင်ငံအတွင်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် အမြောက်အမြား ပေါ်ထွန်းလာအောင်ပံ့ပိုးကူညီဖော်ဆောင်ပေးခဲ့ခြင်းနှင့် လူငယ်လုပ်ငန်းရှင်များ လေးစားအားကျ အတုယူဖွယ်ရာ ရှေ့ဆောင်နမူနာပြု ပြသပေးခြင်း၊
- နှစ်စဉ်ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ပြည်တွင်းဆုနှင့် နိုင်ငံတကာဆု အမြောက်အမြားကို လက်ခံရရှိခဲ့ခြင်း စသည့် အောင်မြင်မှုများအတွက်

**“မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) နာယက ဦးအောင်ကိုဝင်း”** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတို့၏ ထမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်နှင့် အသင်းသားများ
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)အရ
သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်ဖြစ်သည့်

## သီရိသုဓမ္မသီဂိတံ့

တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော

## ဒေါ်ကြည်ခင်

ဒု-ဥက္ကဋ္ဌ - Original Group of Companies
Managing Director - Mount Pleasant Hotel (Nay Pyi Taw)
Managing Director - Hotel Nwe Tha Ki (Nay Pyi Taw)
Executive Director - G-4 Mining Co., Ltd

အား အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Danasanyar Construction Co., Ltd.
OiAC ကိုယ်ပိုင်အထက်တန်းကျောင်း


နှစ်စဉ်အောင်ချက်မြင့်မား၍ ဂုဏ်ထူးရှင်များ နှင့် Top Ten အဆင့်ရှိ ကျောင်းသားများမွေးထုတ်ပေးနေသောကျောင်း

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ်
ကက-၁၃/၀၉/၀၂၈

၂၀၂၀-၂၀၂၁ ပညာသင်နှစ် သူငယ်တန်း မှ ဒသမတန်း ထိ
ကျောင်းကြိုအပ် လက်ခံနေပါပြီ။




- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀တန်းများအတွက် စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
  - နေ့ကျောင်း ■ ဘော်ဒါ ■ နေ့ကျောင်း + Guideတန်း(တက်ဘော်ဒါ)
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့်လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းသွင်းအပ်နှံမှ စိတ်ချရပါမည်။

သင်ကြားမှုထိရောက်စေရန် ရည်ရွယ်၍ စာသင်ချိန် + Guide ချိန်များ အပါအဝင်
ကျောင်းချိန် 8:30 AM မှ 3:00 PM အထိ သတ်မှတ်ထားပါသည်။

ဝိပ္ပဿနာသာတွဲတွင်
မြန်မာတစ်နိုင်ငံလုံး
တတိယအဆင့် (Top-3)
မောင်မင်းခန့်မွန်
(၂၀၁၇)



မောင်နေမျိုးအောင် မသီသီဟန်မြင့် မရုရည် မောင်အောင်မြင့်မိုး မစုပြည့်စုံ မောင်လင်းမြတ်အောင်

## မူလတန်းသင်ကြားရေး

- သင်ကြားရေးပိုင်းတွင်လည်း စနစ်သစ်မူလတန်းသင်တန်းများတွင် ပြည့်စုံအောင် သင်တန်းတက်ရောက်ခဲ့ပြီးသော ဝါရင့်ဆရာ/မ များမှ ပညာရေးဝန်ကြီးဌာန၏ သင်ရိုးပြည့်စုံအောင် သင်ကြားပေးခြင်း။
- အစိုးရသင်ရိုးနှင့်တွဲဘက်၍ နိုင်ငံတကာသင်ရိုး [အင်္ဂလိပ် (4 skill)၊ သင်္ချာ] တွဲဖက်သင်ကြားပေးခြင်း။
- KG မှ စတုတ္ထတန်းအထိသင်ကြားမှုတွင် အစိုးရ သင်ရိုးပြဋ္ဌာန်းချက်များနှင့်အတူ ထပ်မံသင်ကြားပေးမည့် ဘာသာရပ်များ
  ■အခြေခံကွန်ပျူတာ ■အခြေခံပန်းချီနှင့်အနုပညာ ■စာရိတ္တနှင့်ပြည်သူ့နီတိ
- ကလေးဗဟိုပြုသင်ကြားရေးနည်းစနစ် (သင်ရိုးသစ်)ကို အသုံးပြု၍ ကလေးတစ်ဦးချင်းစီကို သင်ကြားပေးခြင်း။
- သင်ရိုးသစ်တွင် စာရိတ္တနှင့် စည်းကမ်းရှိမှု၊ သင်္ချာစွမ်းရည်၊ သင်ယူမှုဆိုင်ရာစွမ်းရည်များ၊ အပြန်အလှန်ဆွေးနွေးမှုစွမ်းရည်များ၊ စဉ်းစားတွေးခေါ်ကြံဆမှုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာသင်ယူမှုများပါဝင်ပါသည်။



လုံခြုံစိတ်ချရသော ဖယ်ရီကားများဖြင့် ကြို/ပို့ လုပ်ပေးပါမည်။

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၅၀ ၁၅၈၀၊ ၀၉ ၂၅၉၂ ၅၈ ၄၀၇၊ ၀၉ ၇၃၀ ၀၄၇ ၂၀၊ ၀၉ ၇၇၈ ၉ ၁၂ ၆၉၇





ကလေးနာမည်ပေး ဆရာကြီး
# ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့



## အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763



## အောင်ကမ္ဘာ
(အိမ်၊ခြံ၊မြေ) ရောင်းဝယ်ရေး
ဒဂုံမြို့သစ်(တောင်ပိုင်း၊ဆိပ်ကမ်း၊အရှေ့ပိုင်း၊မြောက်ပိုင်း)ရှိ ပေါ်တိုက်၊ မြေကွက်များဝယ်လိုပါသည်။
အိမ်အရောက်ငွေချေပေးသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096144
09-450096155



## MM မြန်မာမေတ္တာ
GENERAL SERVICES
ကိုကျော်စိုးထွန်း
အထွေထွေဝန်ဆောင်ကူညီမှုလုပ်ငန်း

ရန်ကုန်မြို့ဗဟိုပြု၍ ရန်ကုန်နှင့် အနယ်နယ် အရပ်ရပ်မှ
မိတ်ဆွေတို့၏ မိဘ၊ မိတ်ဆွေတို့၏ မိသားစုများနှင့်
မိတ်ဆွေတို့အတွက် ဆေးခန်းပြပေးခြင်း၊ ဆေးဝယ်ပေးခြင်းနှင့်
အခြားသော အထွေထွေလိုအပ်ချက်များ ဝန်ဆောင်ကူညီမှု...

၁၃/၈ – ဒုတိယထပ်၊ (၂)လမ်း၊ သပိုင်း (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
09 400 500 789, 09 767 33 44 55
Myanmar Myittar - General services



အရိုးကျီးပေါင်းရောဂါဝေဒနာရှင်များအတွက် ခေတ်မီနည်းပညာဖြင့် Export Quality အဖြစ် အဆင့်မြင့် ထုတ်လုပ်လိုက်တဲ့

ဆရာမြင့်၏
## စကြာမင်း အရိုးကျီးပေါင်းဆေး
အမှတ်တံဆိပ်

သောက်သုံးရ၊ သယ်ဆောင်ရ၊
သိမ်းဆည်းရ လွယ်ကူအဆင်ပြေစေရန် ...
ဆေးပြားပုံစံနှင့် Capsule ပုံစံ နှစ်မျိုးဖြင့်
ဆေးအာနိသင် ပြောင်းလဲခြင်းမရှိဘဲ ...
အဆင့်မြင့်စွာ ထုတ်လုပ်ထားပါသည်၊




ပင်ရင်း - စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး- ဖုန်း - ၀၉ ၇၃၀ ၄၅၁၁၉၊ ၀၉ ၄၂၁၁ ၄၈၂၃၂၊


## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်ကျွန်းမြို့၊ (၇)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၁၀ နေ ကျွန်မ၏သား မောင်အောင်မြတ်ပိုင် ၁၄/မမက(နိုင်)၂၁၉၉၉၆ သည် မိဘ စကား နားမထောင်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝ လုံးဝတာဝန် မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

မိခင် – ဒေါ်စန်းစန်းဝင်း
၁၄/မမက(နိုင်)၀၁၀၅၈၅

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနှင့်ဂုဏ်ထူး ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်းနှင့် "အဂ္ဂမဟာ သီရိသုဓမ္မသီဂီ"** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**EXCELLENT FORTUNE FOUNDATION**

**(EFF FOUNDATION)**

အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများ

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
## စက်အရန်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ပုံနှိပ်စက်များတွင် အသုံးပြုရန်အတွက် စက်အရန်ပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | Koncept Web Offset | ၂၃ မျိုး |
| (ခ) | City Line Express Web Offset | ၅၉ မျိုး |
| (ဂ) | Orient Super Web Offset | ၆၆ မျိုး |
| (ဃ) | Colour King Web Offset | ၄ မျိုး |
| (င) | Goss Community Web Offset | ၁၇ မျိုး |
| (စ) | Compacta | ၁၃ မျိုး |
| (ဆ) | Toshiba | ၅ မျိုး |
| (ဇ) | Hidelberg | ၁၇ မျိုး |
| (ဈ) | KBA Rapida-66 | ၇ မျိုး |
| (ည) | Shino Hara-66 | ၁၄ မျိုး |
| (ဋ) | Miller | ၅ မျိုး |
| (ဌ) | Perfect Binder(SB,07) | ၃၆ မျိုး |
| (ဍ) | Horizon | ၁၀၃ မျိုး |
| (ဎ) | Economy | ၄၂ မျိုး |
| (ဏ) | SCM Wire Stitcher | ၄ မျိုး |
| (တ) | Double Head Stitcher | ၅ မျိုး |
| (ထ) | Single Head Stitcher | ၇ မျိုး |
| (ဒ) | Paper Cutting Machine | ၃ မျိုး |
| (ဓ) | Osako | ၆ မျိုး |
| (န) | Printing Down Frame | ၁ မျိုး |
| (ပ) | CTP စက်အတွက် | ၁၃ မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၉-၁-၂၀၂၀ရက်မှ ၂၀-၁-၂၀၂၀ရက်အထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၁-၂၀၂၀ရက်တွင် နံနက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၇၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ဝယ်ယူရမည့် ရုံးသုံးစာရေးကိရိယာ (၃၃)မျိုးနှင့် Computer, Copier ဆက်စပ်ပစ္စည်း (၁၄)မျိုးအတွက် တင်ဒါခေါ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၁-၂၀၂၀ ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၄၁၁၄၄၆**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်ဆေးရုံ/တိုက်နယ်ဆေးရုံများအတွက် လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲ/ဓာတ်မှန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် ရောင်းချသူမှ အဆိုပါနေရာများ၏ ဆေးသိုလှောင်ခန်းအရောက် တင်သွင်းပေးပို့ရန်အတွက် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
(ခ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Consmables)

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၂၀ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၇-၂-၂၀၂၀ ရက် (သောကြာနေ့) မွန်းလွဲ ၂:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး**
**အမှတ် (၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်**
**ဖုန်း (ကုသရေးဦးစီးဌာန)- ၀၁-၉၅၅၈၆၉၇**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် (FDA)အသိအမှတ်ပြုပြီး ဖြစ်သည့် (DRC)ရရှိပြီး အရည်အသွေးပြည့်မီသော ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးဆေးပစ္စည်း Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၂၀ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၆-၂-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ

**တင်ဒါကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်-၄/၂၀၁၉-၂၀၂၀

၁။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)၏ အချောကိုင်ဌာနရှိ အဆောက်အအုံ၊ စက်ပစ္စည်းနှင့် မြေငှားရမ်းခနှုန်းတို့အား Third Party အဖွဲ့ဖြင့် ကာလပေါက်ဈေးနှင့်အညီ တန်ဖိုးစိစစ်သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၁-၂၀၂၀ ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
**နေပြည်တော်** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။
**ရန်ကုန်** - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၂
(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၄-၂-၂၀၂၀ ရက် (၁၆:၀၀)နာရီ
(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇) နေပြည်တော်။

၃။ အသေးစိတ်သိရှိပါက အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အသိပေးကြေညာခြင်း

၁။ ဒက္ခိဏသီရိမြို့ရှိ ပေ(၈၀x၈၀) မြေကွက်(၁၉၇)ကွက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားမည်သူမဆို အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မြေကွက်(၁)ကွက်လျှင် မြေတန်ဖိုးငွေကျပ် ၂၅၀ သိန်းနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ၁၈-၁၁- ၂၀၁၉ ရက်နှင့် ၂၅-၁၁-၂၀၁၉ ရက်များတွင် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ Website www.nptdc.govmmgov.mm နှင့် nptdc Webportal နေပြည်တော်စည်ပင်သာယာရေးကော်မတီ Facebook Page တို့တွင်လည်းကောင်း အများပြည်သူများသိရှိနိုင်ရန် ကြေညာခဲ့ရာ ၁-၁၂-၂၀၁၉ ရက်မှ ၃၀-၁၂-၂၀၁၉ ရက်အထိ မြေကွက်ဝယ်ယူခွင့်လျှောက်ထားသူပေါင်း ၃၂၇ ဦး ရှိခဲ့ပါသည်။

၂။ မြေကွက်ဝယ်ယူခွင့်လျှောက်ထားသူ ၃၂၇ ဦး၏ အမည်စာရင်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ Website www.nptdc.gov.mm နှင့် nptdc Webportal နေပြည်တော်စည်ပင်သာယာရေးကော်မတီ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အမည်စာရင်းတွင် ပါဝင်ခြင်းမရှိသည့်မြေကွက်လျှောက်ထားသူများရှိပါက မူလလျှောက်ထားခဲ့သည့် အထောက်အထားနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၈-၁-၂၀၂၀ ရက် နောက်ဆုံးထား၍ တင်ပြလျှောက်ထားနိုင်ပါသည်။

၃။ မြေကွက်လွတ်(၁၉၇)ကွက်အား ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ ဒက္ခိဏသီရိမြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ရှေ့မှောက်တွင်မဲစနစ်ဖြင့် နေရာချထားခြင်းကို ၁၀-၁-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီမှစတင်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မဲနှိုက်ခြင်းအစီအစဉ်ကို မြေကွက်လျှောက်ထားသူများမှ စိတ်ဝင်စားသူများ မင်္ဂလာခန်းမသို့ လာရောက်ကြည့်ရှုနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၄။ အဆိုပါအစီအစဉ်အား လာရောက်ကြည့်ရှုနိုင်ခြင်းမရှိသူများအတွက်လည်း မဲနှိုက်စနစ်ဖြင့် မြေကွက်နေရာချထားမှုအစီအစဉ်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ nptdc Webportal နေပြည်တော်စည်ပင်သာယာရေးကော်မတီ Facebook Page တွင် Live ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပါသဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၅။ ပထမအကြိမ် မြေကွက်(၁၉၇)ကွက်အား မဲစနစ်ဖြင့် နေရာချထားရာတွင် မဲမပေါက်သူများအတွက် ဒုတိယအကြိမ် မြေကွက်များ ထပ်မံရောင်းချမည့် အစီအစဉ်တွင် ထည့်သွင်းပေးမည်ဖြစ်ပါကြောင်းနှင့် ယင်းအစီအစဉ်အား ကြိုတင်ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## (၄၈)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

ဆေးသုတေသနဦးစီးဌာန
အမှတ်(၅)၊ ဇီဝကလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်

**(ညီလာခံတွင် သုတေသနစာတမ်း (၁၂၂)စောင်၊ ပိုစတာ (၁၀၆)ခု၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၁၆)ခုနှင့် ဟောပြောပွဲ (၃)ခု ပါဝင်မည် ဖြစ်ပါသည်။)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် မကွေး၊ မော်လမြိုင်နှင့် မူဆယ်မြို့များတွင် ဆောင်ရွက်နေသော ရေဒီယိုလှိုင်းနှုန်း တိုင်းတာရေးအခြေစိုက်စခန်း ၃ ခုတွင် တပ်ဆင်ရန်အတွက် ရေဒီယိုလှိုင်းနှုန်းတိုင်းတာရေးပစ္စည်း(၁၃)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Fixed Monitoring Station(FMS),Type I<br>Direction Finding (DF)Processor/Receiver(s) VHF/UHF | 3Sets |
| (ခ) | DF antennas for VHF and UHF,including RF lines<br>and Switches,Vertical & Horizontal Polarization | 3Sets |
| (ဂ) | Receive antennas for HF,including RF Lines and<br>Switches,Vertical Polarization,Passive,OMNI. | 3Sets |
| (ဃ) | Passive Directional log-periodic receive antennas<br>in the VHF/UHF bands,including RF and control lines and switches | 3Sets |
| (င) | Remote controlled antenna rotator for vartical<br>and horizontal rotations. | 3Sets |
| (စ) | Monitoring Receiver/Analyzer HF/VHF/UHF/SHF.<br>Downconverter<br>-Will be integrated inside DF processor included:<br>VHF/UHF Downconverter Sample channel<br>VHF/UHF Downconverter REF channel | 3Sets |
| (ဆ) | Communications Network.<br>-Included router and modem for IP based<br>network Cisco:4-port 10-/100-Mbps managed switch | 3Sets |
| (ဇ) | Steel material to install 06 Monitoring tower<br>50m tower on grounded base with fencing | 3Sets |
| (ဈ) | Racks,cabling and accessories.<br>-19" rack for equipment installation<br>-7/8" RFS feeder cable for DF/Monitoring antenna<br>-Control cable for DF/Monitoring antenna<br>-RF jumper cable,accessories for completing the<br>system installation | 3Sets |
| (ည) | Grounding and lightning-arrester subsystem.<br>-Lightning rod for DF/Monitoring antenna<br>- Grounding kit for 7/8" Feeder cable and Control cable<br>-Lightning arrester for all inside equipment | 3Sets |
| (ဋ) | GPS Unit<br>- Integrated inside 5095 DF processor<br>- handheld GPS Garmin etrex20i<br>Spec:65K color TFT<br>2xAA battery<br>weight:141g(with battery) | 3Sets |
| (ဌ) | Client Spectrum Monitoring software/workstation<br>Workstation : Aberdeen Workstation<br>-2U,19"rack mount workstation<br>-INTEL CORE 17-4790K 4GHz 8MB 88W LGA1150<br>CPU RETAL<br>-Client Spectrum Monitoring Software included<br>Vector Signal Analysis | 3Stes |
| (ဍ) | 1U19" LCD Rackmount (Include Keyboard and<br>Touchpad) | 3Stes |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၂၀ ရက် (အင်္ဂါနေ့)
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၇-၁-၂၀၂၀ ရက် (သောကြာနေ့)
၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပစ္စည်းဌာနစု၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်
၅။ **တင်ဒါတင်သွင်းရမည့်အချိန်နှင့်နေရာ** - ၂၉-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၆။ **တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** - ၇-၂-၂၀၂၀ ရက် (သောကြာနေ့)
၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၇၇၈၆၊ ၀၆၇-၃၄၀၇၄၃၈ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/9647 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/9926 Lwin Kyaw II Light Truck Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်စုမွန် ၁၄/ရကန(နိုင်)၁၃၃၅၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4445 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

# မူဆယ်မြို့ နယ်စပ်ဝင်ပေါက်(နန်းတော်ဂိတ်)မှ ခရီးသွားဧည့်သည်များ ပုံမှန်ဝင်ရောက်လျက်ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံအဝင်/အထွက်ဂိတ်တစ်ခု ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေ

**မူဆယ် ဇန်နဝါရီ ၆**

မြန်မာ-တရုတ် နှစ်နိုင်ငံ အဝင်/အထွက် ဂိတ် (နန်းတော်ဂိတ်)မှ တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ မူဆယ်မြို့သို့ နေ့စဉ်ပုံမှန်ဝင်ရောက် လည်ပတ်လျက်ရှိကြောင်း မူဆယ်မြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဂိတ်(နန်းတော်ဂိတ်)ကနေ နေ့ချင်းပြန်ခရီးသွားတွေဟာ မူဆယ်မြို့ကို နေ့စဉ်နှင့်အမျှ ပုံမှန်ဝင်ရောက် လည်ပတ်ကြပါတယ်။ လောလောဆယ်မှာတော့ မူဆယ်မြို့တစ်မြို့ပဲ လည်ပတ်လို့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာမယ်။ လုံခြုံရေးအခြေအနေတွေ ကောင်းမွန်လာမယ်ဆိုရင်တော့ မူဆယ်မြို့ရော၊ နမ့်ခမ်းမြို့ရော လည်ပတ်နိုင်ပါမယ်။

"တစ်ရက်တည်းနဲ့ နှစ်မြို့လည်ပေါ့။ ဒါပေမယ့် ခုချိန်မှာ လမ်းပန်းဆက်သွယ်ရေးနဲ့ လုံခြုံရေးအရလည်း အဆင်မပြေသေးတော့ နမ့်ခမ်းမြို့ကိုတော့ သွားရောက်လည်ပတ်ခွင့် မပေးရသေးဘူး။ တကယ်လို့ နှစ်မြို့လုံးကို သွားရောက်လည်ပတ်နိုင်မယ်ဆိုရင်တော့ ခရီးသွားဧည့်သည်တွေ ပိုပြီးသဘောကျ ကြိုက်နှစ်သက်ကြတယ်" ဟု မူဆယ်မြို့ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန

*စာမျက်နှာ ၁၀ ကော်လံ ၃* ✻




မြန်မာ-တရုတ် နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် (နန်းတော်ဂိတ်)ကို တွေ့ရစဉ်။



သွေးသစ်မောင်(မြန်မာ)နှင့် ဆူဝစ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။ ဓာတ်ပုံ-အာကာစိုး

## သုံးနိုင်ငံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးသည့် မြန်မာ-ထိုင်း-လာအို မြန်မာ့ရိုးရာလက်ဝှေ့ သုံးနိုင်ငံစိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူ မြန်မာ့ရိုးရာလက်ဝှေ့ အားကစားရုံ၌ ကျင်းပရာ မြန်မာလက်ဝှေ့ ကစားသမားများ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ●

ဖားကန့်နှင့် ရှာင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ စာ ၁၃
အီရတ်မြေပေါ်က အမေရိကန်တပ်တွေရဲ့ အနာဂတ် စာ ၁၅

## မြန်မာ့လက်ရွေးစင်အသင်း မတ်လတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲ ကစားရမည်

**ရန်ကုန် ဇန်နဝါရီ ၆**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှစ်ပွဲ ယှဉ်ပြိုင်ရမည့်အနက် ငါးပွဲကစားထားသောကြောင့် သုံးပွဲသာ

*စာမျက်နှာ ၁၂ ကော်လံ ၄* ❍



ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာနှင့် မွန်ဂိုလီးယားအသင်း ယှဉ်ပြိုင်ကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

DECOLAND COMPANY LIMITED
DECO
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Duplex
Grey Chip Board
Ivory Board

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 013 684292